# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ တနင်္လာနေ့ | အတွဲ(၆၅)၊ အမှတ်(၃၁၆)


**နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့**

MSMEs လုပ်ငန်းများက ဒေသအလိုက် တိုးတက်ဖွံ့ဖြိုးနိုင်သည့် လုပ်ငန်းများဖြစ်သောကြောင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းအလုပ်အကိုင်များကို တိုက်ရိုက်ဖန်တီးပေးနိုင်ပြီး ရွှေ့ပြောင်းလုပ်သားပြဿနာများကိုလည်း ထိရောက်စွာ လျှော့ချပေးနိုင်သည်။



## အမျိုးသားပြတိုက်နှင့် အာကာသပြတိုက်သို့ လှည်းကူးမြို့နယ်မှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ ကြည့်ရှုလေ့လာ

ရန်ကုန် ဩဂုတ် ၁၆

ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် နိုင်ငံ၏ ခိုင်မာသည့်သမိုင်းကြောင်းအစဉ်အလာနှင့် ယဉ်ကျေးမှုတန်ဖိုးများသိရှိနားလည်လာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားလာစေရန်၊ ဘိုးဘွားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်ရှိစေရန်နှင့် အာကာသဆိုင်ရာ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အထက(လှည်းကူး)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်နှင့် အာကာသပြတိုက်များသို့ ကြည့်ရှုလေ့လာကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)နှင့် ကိုရီးယားသမ္မတနိုင်ငံ Chosun University, School of Dentistry တို့အကြား ပညာရပ်ဆိုင်ရာ တိုးမြှင့်ပူးပေါင်းဆောင်ရွက်မည်

ရန်ကုန် ဩဂုတ် ၁၆

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)နှင့် ကိုရီးယားသမ္မတနိုင်ငံ Chosun University, School of Dentistry တို့အကြား ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာတင်ထွန်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာကျော်သီဟ၊ ကိုရီးယားသမ္မတနိုင်ငံ Chosun University, School of Dentistry မှ Dean, Professor Kim Hee Jung ၊ ပါမောက္ခ/ဌာနမှူးများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ○

**အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်မှသည် ပြည်တွင်းငြိမ်းချမ်းရေးခရီးဆီသို့...**

*ဆောင်းပါး ◆ ၆*

## အများပြည်သူသို့ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန်ရည်ရွယ်ပြီး မွန်းလွဲပိုင်း ဝန်အားသုံးစွဲမှုများပြားသည့် စက်မှုလုပ်ငန်းကြီးများကို ဓာတ်အားခ လျှော့ချပေး၍ ညပိုင်းအချိန်များသို့ ပြောင်းရွှေ့ဓာတ်အား သုံးစွဲနိုင်မည့် အစီအစဉ်အား အသိပေးကြေညာခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးရာတွင် အများပြည်သူနှင့် စက်မှု/စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဓာတ်အားရရှိစေရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်မှုရှိစေရေးတို့အတွက် ပြုပြင်ပြောင်းလဲမှုများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ မိုးရာသီကာလများတွင် ရေဝင်ရောက်မှုကောင်းမွန်သောကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ အပြည့်အဝဓာတ်အားထုတ်လုပ်ပေးနိုင်သော်လည်း မဟာဓာတ်အားလိုင်းများ၏ ပို့လွှတ်နိုင်စွမ်း ကန့်သတ်ချက်များရှိနေခြင်းကြောင့် လျှပ်စစ်ဓာတ်အားအသုံးများသည့် နေ့အချိန်ပိုင်းတွင် အချိန်ပိုင်း လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်လျက်ရှိပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆



## အားကောင်းသောလေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်-ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး

*စာမျက်နှာ ၃ ကော်လံ ၅* ❋

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း ဩဂုတ် ၁၈ ရက်မှ ၂၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊

*စာမျက်နှာ ၄ ကော်လံ ၁* ❐

**တစ်ပတ်တာ ဖတ်စရာ မြန်မာရေးရာ၊ ကမ္ဘာရေးရာ**

*စာမျက်နှာ ◆ ၁၃*




## ဆီးချိုရောဂါကို မှန်ကန်စွာနားလည်ခြင်း အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၆

မြန်မာနိုင်ငံတွင် ဆီးချိုသွေးချိုရောဂါဖြစ်ပွားမှုနှင့် ယင်းတို့၏ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ထိရောက်စွာကာကွယ်တားဆီးနိုင်ရေး၊ ရောဂါများကို အချိန်မီသိရှိရှာဖွေဖော်ထုတ်နိုင်ရေးနှင့် မှန်ကန်ထိရောက်စွာ ကုသထိန်းချုပ်နိုင်ရေးတို့အတွက် ပြည်သူလူထု၏ ကျန်းမာရေးအသိပညာ ပိုမိုမြင့်မားလာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းနှင့် မြန်မာနိုင်ငံ ဆီးချိုနှင့် ဟော်မုန်းရောဂါအထူးကုဆရာဝန်များအသင်းတို့ ပူးပေါင်းစီစဉ်သည့် "ပြည်သူလူထုကျန်းမာရေးအသိပညာမြှင့်တင်ရေးဟောပြောပွဲ"ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ဝိတိုရိယဆေးရုံ၌ ကျင်းပသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❋

# ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး အထူးအရေးကြီး

မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်စဉ်နှင့်မွေးဖွားစဉ် မိခင်သေဆုံးမှုနှုန်းသည် တစ်သိန်းလျှင် ၂၈၂ ဦးရှိနေရာ အရှေ့တောင်အာရှဒေသတွင် ဒုတိယအမြင့်မားဆုံးဖြစ်နေသည်။ အရှေ့တောင်အာရှဒေသ၏ ကိုယ်ဝန်ဆောင်နှင့်မွေးဖွားစဉ် မိခင်ပျမ်းမျှသေဆုံးမှုနှုန်းမှာ တစ်သိန်းလျှင် ၁၄၀ ဖြစ်ရာ မြန်မာနိုင်ငံက နှစ်ဆကျော်လွန်နေခြင်းဖြစ်သည်။

ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးဖွားမိခင် ကျန်းမာရေးစောင့်ရှောက်မှုတွင် မိခင်များအာဟာရပြည့်ဝရေးမှာ မိခင်အတွက်ရော ရင်သွေးအတွက်ပါ အထူးအရေးပါသည့်ကဏ္ဍ ရှိနေသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်တို့ အာဟာရချို့တဲ့ပါက မိခင်ရောကလေးပါ ကျန်းမာရေး ထိခိုက်နိုင်ပြီး တစ်ခါတစ်ရံသေဆုံးသည်အထိ ဖြစ်စေနိုင်သည်။ ကိုယ်ဝန်ဆောင်စဉ်ကာလနှင့် ကလေးမွေးဖွားပြီးနောက် ခန္ဓာကိုယ်ပြောင်းလဲမှုများ ဖြစ်ပေါ်လာရာတွင် အာဟာရလိုအပ်ချက်မှာလည်း အဆင့်ဆင့်ပြောင်းလဲသွားသည်။ သို့ဖြစ်ရာ မိခင်ရောကလေးပါ ရောဂါကင်းစင်ကျန်းမာပျော်ရွှင်နိုင်ကြစေရန်အတွက် လိုအပ်သည့်အာဟာရဓာတ်များ အပြည့်အဝရရှိစေရန် အစားအစာကို ဂရုတစိုက် စားသုံးပေးနိုင်ကြဖို့လိုသည်။

မိခင်လောင်းလျာအမျိုးသမီးသည် ကိုယ်ဝန်မဆောင်မီ အနည်းဆုံး သုံးလခန့်ကကြိုတင်၍ အာဟာရပြည့်ဝအောင် စားသုံးကြရန်လိုကြောင်း လေ့လာတွေ့ရှိထားသည်ဟု အာဟာရဆိုင်ရာ သုတေသီများက ပြောကြားကြသည်။ ကလေးငယ်တစ်ဦး၏ ဖွံ့ဖြိုးမှုအတွက် ပဋိသန္ဓေတည်သည့်အချိန်မှစ၍ မွေးဖွားပြီးခြောက်လအထိသည် လွန်စွာအရေးကြီးသည့် ပထမဆုံးရက်ပေါင်း ၅၀၀ ဟုဆိုသည်။ ယေဘုယျအားဖြင့် ကိုယ်ဝန်ဆောင်မိခင်များသည် တစ်နေ့လျှင် ပုံမှန်ထက်အပိုဆောင်း၍ ကယ်လိုရီ ၃၀၀ မှ ၄၅၀ ကီလိုကယ်လိုရီခန့်လိုအပ်ပြီး ကိုယ်ဝန်ရင့်လာသည်နှင့်အမျှ ပိုမိုလိုအပ်နိုင်သည်။ နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုပေါ်မူတည်၍ တစ်နေ့လျှင် ကယ်လိုရီ ၂၀၀၀ မှ ၂၈၀၀ ခန့် လိုအပ်သည်။

ကိုယ်ဝန်ဆောင်ရန် ပြင်ဆင်ချိန်မှစကာ ကိုယ်ဝန်ဆောင်ကာလတစ်လျှောက် မိခင်နှင့်သန္ဓေသား၏ကျန်းမာရေးကို မထိခိုက်စေရန် ငါးပိ၊ ငါးခြောက်၊ အချိုမှုန့်၊ အသင့်စားခေါက်ဆွဲခြောက်များကဲ့သို့ အလွန်အမင်းပြုပြင်ဖန်တီးထားသည့် အစားအစာများ၊ အသွင်ပြောင်းဆီပါဝင်သည့်မုန့်များနှင့် ဆီကြော်မုန့်များ၊ ပြည့်ဝဆီနှင့် ကိုလက်စထရောမြင့်မားသည့် အစားအစာများ၊ အန္တရာယ်ရှိသော ဗက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် ကပ်ပါးပိုးများ၊ သန်ကောင်ဥများပါဝင်နိုင်သည့် သားငါး၊ ဥများ၊ အသားချဉ်၊ ငါးချဉ်များ၊ ပိုးသတ်မထားသည့် နို့နှင့် နို့ထွက်ပစ္စည်းများကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ ထို့အပြင် နံနက်စာမစားဘဲနေခြင်း၊ အစာစားချိန်နောက်ကျခြင်း၊ ဆေးလိပ်သောက်ခြင်း စသည့် အလေ့အထများရှိနေပါကလည်း ရှောင်ကြဉ်ပြုပြင်ကြရမည်ဖြစ်သည်။

မိခင်နှင့်ကလေးငယ်အတွက် လိုအပ်သောအာဟာရဓာတ်များ ပြည့်စုံစွာရရှိနိုင်ရန် နေ့စဉ်စားသောက်မှုပုံစံကို စနစ်တကျပြင်ဆင်ထားပါက ပို၍ထိရောက်နိုင်သည်။ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အစားရှောင်ခြင်း လုံးဝမပြုလုပ်ရဘဲ နေ့စဉ်ထမင်းနှင့်ဟင်း တစ်နပ်ပို၍ စားကြရန်လိုသည်။ နို့တိုက်မိခင်သည် ကလေးအတွက် လိုအပ်သော အာဟာရများ ပြည့်စုံလုံလောက်စွာရရှိစေရန်အတွက် ကိုယ်ဝန်ဆောင်မိခင်ဘဝထက် ပို၍စားရမည်ဖြစ်သည်။ အင်အားဖြစ်စေသောအစာ၊ ခန္ဓာကိုယ်ကြီးထွားစေသောအစာ၊ ရောဂါကာကွယ်စေသောအစာ ဟူသည့် အစာအုပ်စု သုံးစုစလုံးပါဝင်အောင် စားသောက်ရမည်ဖြစ်သည့်အပြင် ပမာဏအားဖြင့်လည်း ပို၍စားရန်လိုသည်။ အစာစားချိန်တိုင်း ရေ သို့မဟုတ် ဟင်းရည်ပါဝင်ရန်နှင့် တစ်နေ့လျှင် အရည် နှစ်လီတာခွဲမှ သုံးလီတာအထိ သောက်ရန်နှင့်အစားအစာများ သန့်ရှင်းရန်၊ အသားငါးများကို ကျက်အောင်ချက်ပြုတ်ရန်တို့သည်လည်း အထူးအရေးကြီးသည်။

မွေးရာပါ ကိုယ်အင်္ဂါချို့တဲ့မှုများဖြစ်ခြင်းမှကာကွယ်ရန် ကိုယ်ဝန်ရှိကြောင်း သိရှိချိန်မှစ၍ သံဓာတ် ၆၀ မီလီဂရမ်နှင့် ဖောလစ်အက်စစ် ၄၀၀ မိုက်ခရိုဂရမ်ဆေးပြား တစ်နေ့တစ်ပြား နေ့စဉ်သောက်ရန်၊ ကိုယ်ဝန်သုံးလနောက်ပိုင်း သန်ချဆေးပြားတစ်ကြိမ်သောက်ရန်၊ ကိုယ်ဝန်ကိုးလမှစ၍ ကလေးမွေးဖွားပြီးသုံးလအထိ ဗီတာမင်ဘီဝမ်းဆေးပြားကို သတ်မှတ်ထားသောပမာဏအတိုင်း နေ့စဉ်သောက်သုံးရန်တို့ကိုလည်း ကျန်းမာရေးပညာရှင်များက လမ်းညွှန်ထားသည်။

ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရပြည့်စုံရေးသည် မိခင်နှင့်တကွ ရင်သွေးငယ်အတွက်ပါ အရေးကြီးသည့်အလျောက် ဩဂုတ်လတတိယပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ်သတ်မှတ်၍ သရုပ်ပြသပွဲများ၊ အသိပညာပေးမှုများပြုလုပ်လျက်ရှိရာ အလေးဂရုပြု၍ မှတ်သားလိုက်နာကျင့်သုံးကြခြင်းအားဖြင့် မိခင်နှင့်ရင်သွေးမိသားစုတို့ ကျန်းမာခြင်းသုခ ပြည့်ဝကြပါမည့်အကြောင်း။ ။

---

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

---

## ၁၆ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၀၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

---

## မြန်မာ့ပင်လယ်ပြင်၌ လှိုင်းကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၆

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

---

## တိုးမြစ်ရေ မအူပင်မြို့၌ စိုးရိမ်ရေမှတ်အထက် ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ့ နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ငါးစင်တီမီတာ (နှစ်လက်မခန့်) အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇ - ၈ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၅၀ | ၃၈၀၅ | ၃၇၅၅ | ၃၆၆၅ | ၃၈၁၀ | ၃၈၂၅ | ၃၈၅၅ | ၃၇၃၅ | ၄၁၀၅ | ၄၁၃၅ | ၃၇၅၅ | ၃၈၇၀ | ၃၈၄၅ | ၃၈၀၅ | ၃၈၁၅ | ၄၀၄၅ |
| 95 Ron | ၃၇၇၀ | ၃၉၂၅ | ၃၈၈၀ | ၃၇၉၀ | ၃၉၃၀ | ၃၉၄၅ | ၃၉၈၀ | ၃၈၆၀ | ၄၂၂၅ | ၄၂၅၅ | ၃၈၈၀ | ၃၉၈၅ | ၃၉၇၀ | ၃၉၂၅ | ၃၉၄၀ | ၄၁၆၅ |
| HSD (500 ppm) | ၄၀၂၀ | ၄၁၇၀ | ၄၁၂၀ | ၄၀၃၅ | ၄၁၇၀ | ၄၁၈၅ | ၄၂၁၅ | ၄၁၀၀ | - | ၄၄၈၀ | ၄၁၂၀ | ၄၆၆၀ | ၄၂၁၀ | ၄၁၇၀ | ၄၁၈၀ | ၄၃၉၅ |
| HSD (50 ppm) | ၄၈၇၀ | ၅၀၂၅ | ၄၉၇၅ | ၄၈၈၅ | ၅၀၃၀ | ၅၀၄၅ | ၅၀၇၅ | ၄၉၅၅ | ၅၃၂၅ | ၅၃၅၅ | ၄၉၇၅ | ၅၁၈၀ | ၅၀၆၅ | ၅၀၂၅ | ၅၀၃၅ | ၅၂၆၅ |
| HSD (10 ppm) | ၄၈၇၀ | ၅၀၂၅ | ၄၉၇၅ | ၄၈၈၅ | ၅၀၃၀ | ၅၀၄၅ | ၅၀၇၅ | ၄၉၅၅ | | ၅၃၅၅ | ၄၉၇၅ | ၅၁၈၀ | ၅၀၆၅ | ၅၀၂၅ | ၅၀၃၅ | ၅၂၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၅၄ | ၃၅၅၇ |
| 95 Ron | ၃၅၇၃ | ၃၆၇၈ |
| HSD (500 ppm) | ၃၈၂၅ | ၃၉၃၁ |
| HSD (50 ppm) | ၄၆၃၆ | ၄၇၅၈ |
| HSD (10 ppm) | ၄၆၃၆ | ၄၇၅၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

---

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဟန်လင်းအောင် | အကြီးတန်းသတင်းထောက် | - | ကျော်သူဝင်း၊ တင်မောင်လွင် |
| စာတည်းမှူး | - | ခင်ရတနာ | | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ပိုင်းအောင်၊ ဝေသူနွယ် | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ |
| | | | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့်အဖွဲ့ |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ |

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**"လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင် လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီး ရှိပါတယ်။"**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) ပြည့်အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)

## အမျိုးသမီး ဘောလုံးအကယ်ဒမီ(မန္တလေး)ကျောင်းမှ အမျိုးသမီးကစားသမား ၅၁ ဦးအတွက် ကျောင်းဝတ်စုံနှင့် အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်

**မန္တလေး ဩဂုတ် ၁၆**

ချမ်းမြသာစည်မြို့နယ်ရှိ အမျိုးသမီးဘောလုံး အကယ်ဒမီ(မန္တလေး)ကျောင်းတွင် Grade-5 မှ Grade-9 အထိ ကျောင်းသူ ၅၁ ဦး လက်ခံသင်ကြားပေးလျက်ရှိပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ပံ့ပိုးမှု၊ မြန်မာဘောလုံးအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် သင်တန်းကျောင်းအား စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၍ အသက်သတ်မှတ်ချက်အရ U-12/U-13 တွင် အားကစားသမား ၂၅ ဦးနှင့် U-14/U-15 တွင် အားကစားသမား ၂၆ ဦး စုစုပေါင်း ၅၁ ဦး သင်ကြားပေးလျက်ရှိကြောင်း သိရကာ ကျောင်းသူအားကစားသမား ၅၁ ဦးအတွက် ကျောင်းဝတ်စုံနှင့် အားကစားဝတ်စုံများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က ယနေ့တွင် ထောက်ပံ့ပေးအပ်ခဲ့သည်။ **(ယာပုံ)**

အဆိုပါကျောင်းခန်းမ၌အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် တာဝန်ရှိသူများက အားကစားသမားများနှင့် တွေ့ဆုံစဉ် ထိုသို့ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းအတွင်းလှည့်လည်ကြည့်ရှုခဲ့ကြသည်။



ကျောင်းသူများနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်သည့် အမျိုးသမီးဘောလုံးအကယ်ဒမီ၌ တက်ခွင့်ရသည့် အားကစားသမားများဖြစ်သည့်အတွက် မြန်မာ့အမျိုးသမီးဘောလုံးအားကစားကို တိုးတက်အောင် ကြိုးစားအားထုတ်စေလိုပါကြောင်း၊ အကယ်ဒမီကျောင်းသည် ပညာရေးနှင့် အားကစားနှစ်ခုလုံးကို အဓိကထားဆောင်ရွက်ပေးသည့်အတွက် အားကစားတွင်သာမက ပညာရေးတွင်လည်း ထူးချွန်စေလိုပါကြောင်း၊ နိုင်ငံတော်ကအားကိုးရသည့် အမျိုးသမီးဘောလုံးအားကစားသမားများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။ **သတင်းစဉ်**

◆ ***အများပြည်သူမှ***

ညဉ့်နက်ပိုင်းအချိန်တွင်မူ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ လွန်စွာလျော့နည်းသွားသဖြင့် ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်မှုကို လျှော့ချမောင်းနှင်ပေးရသည်ဖြစ်ရာ မိုးရာသီကာလတွင် ရေစွမ်းအင်များ ပြန့်နှံးတီးနေသည့်အပြင် ရေအားလျှပ်စစ်ထုတ်လုပ်သည့် တမံကြီးများတွင် ရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိနေပါသည်။

၃။ သို့ဖြစ်ပါ၍ ပထမအဆင့်အနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏများပြားသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အချက်များနှင့် ပြည့်စုံပါက နေ့စဉ်ညပိုင်း ၂၃:၀၀ နာရီမှ နောက်တစ်နေ့ နံနက် ၅:၀၀ နာရီအထိ အချိန်ကာလအတွင်း တစ်ယူနစ်လျှင် မူလ ကျပ် ၉၀၀ နှုန်းမှ ၆၀၀ ကျပ်နှုန်းသို့ လျှော့ချ၍ ဓာတ်အားရယူသုံးစွဲခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄။ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် မိုးရာသီကာလအတွင်း အချိန်နှင့်အမျှ ဆုံးရှုံးနေသည့် ရေများမှ နိုင်ငံတော်အတွက် ဝင်ငွေရရှိလာခြင်း၊ ဓာတ်အားစနစ်တည်ငြိမ်မှုရှိလာခြင်း၊ သတ်မှတ်ချက်နှင့်ကိုက်ညီပြီး ဆန္ဒရှိသည့် စက်မှုလုပ်ငန်းကြီးများသည် ညဘက်သို့ ပြောင်းရွှေ့လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် နေ့ပိုင်းတွင် လျှပ်စစ်မီးသုံးစွဲသူပြည်သူများသို့ ပိုမိုဖြန့်ဖြူးပေးနိုင်ခြင်း၊ စက်မှုလုပ်ငန်းရှင်များအနေဖြင့်လည်း ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ခြင်း စသည့် သုံးဦးသုံးဖလှယ် အကျိုးကျေးဇူးရရှိစေမည်ဖြစ်ပါသည်။

၅။ နိုင်ငံတကာတွင် Smart Grid စနစ်ကို အသုံးပြုနေကြသဖြင့် ယခုကဲ့သို့ အချိန်ဖြင့် ဓာတ်အားခကောက်ခံသည့် (Time of Use-TOU) ကို အသုံးပြုနေကြပြီဖြစ်ရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း လက်ရှိအခြေအနေပေါ်တွင် မူတည်၍ ပထမအဆင့်အနေဖြင့် စတင်စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်၍ မိဘပြည်သူများအနေဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အပြုသဘောဖြင့် အကြံဉာဏ်များပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ကူညီကြပါရန် အသိပေးကြေညာ မေတ္တာရပ်ခံအပ်ပါသည်။

၆။ သိရှိလိုသည်များကို မေးမြန်းလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးချုပ် (၀၉-၄၅၀၅၄၁၂၀၀)

(ခ) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (၀၉-၄၂၈၃၀၄၂၀၃)(၁၇၁၇)

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

○ ***သွားဘက်ဆိုင်ရာမှ***

ကိုရီးယားသမ္မတနိုင်ငံ Chosun University, School of Dentistry မှ Dean Professor Hee Jung Kim, Professor Seong Yong Moon နှင့် Dr. Chan Kyu Sun တို့ ဦးဆောင်သော သွားနှင့် ခံတွင်းဆရာဝန်များအဖွဲ့က မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ၊ ကင်ဆာရောဂါဝေဒနာရှင်များနှင့် မျက်နှာနှင့် မေးရိုးပြုပြင်ခွဲစိတ်ကုသမှု လိုအပ်သော လူနာများအား ကုသပေးခြင်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများအတွက် သွားနှင့်ခံတွင်းပညာရပ်ဆိုင်ရာ ဟောပြောပို့ချမှုများ၊ Hands-on Course များကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နံနက်ပိုင်းကလည်း ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ခန္ဓာဗေဒဌာန၌ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)နှင့် ကိုရီးယားသမ္မတနိုင်ငံ Chosun University တို့ ပူးပေါင်း၍ 2nd Korea-Myanmar Cadaveric Surgical Hands-on Training ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြသည်။ **ကိုကျော်**

❈ ***ရွှေဖုံးမှ***

အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

**ပညာရွှေအိုး လူမခိုး ပညာရဲရင့် ပွဲလယ်တင့် စာပေမြင့်မှလူမျိုးတင့်မည်**

❈ ***ဆီးချိုရောဂါမှ***

အခမ်းအနားတွင် မြန်မာနိုင်ငံဆီးချိုနှင့် ဟော်မုန်းရောဂါအထူးကုဆရာဝန်များအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါ်မိုးဝင့်အောင်၊ မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းနှင့် မြန်မာနိုင်ငံဆီးချိုနှင့် ဟော်မုန်းရောဂါအထူးကုဆရာဝန်များအသင်းတို့၏ နာယက ပါမောက္ခ ဦးတင့်ဆွေလတ်တို့က အမှာစကား ပြောကြားကြသည်။

"ဒီကနေ့ခေတ် ဆီးချိုသွေးချိုရောဂါဟာ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်တဲ့ နာတာရှည်ရောဂါတစ်ရပ်အဖြစ်အရေးကြီးတဲ့ ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်လာတာကို တွေ့ရတယ်။ ဆီးချိုသွေးချိုရောဂါကို ထိန်းချုပ်မှုမကောင်းရင် နှလုံးနဲ့ သွေးကြောဆိုင်ရာရောဂါတွေ၊ ကျောက်ကပ်ရောဂါ၊ မျက်စိအမြင်အာရုံ ထိခိုက်မှု၊ အာရုံကြောနဲ့ ခြေထောက်ဆိုင်ရာ ပြဿနာတွေအပါအဝင် ပြင်းထန်တဲ့ နောက်ဆက်တွဲရောဂါတွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက် ရောဂါမဖြစ်မီကြိုတင်ကာကွယ်ခြင်း၊ ရောဂါကို အချိန်မီရှာဖွေတွေ့ရှိခြင်းနဲ့ ထိရောက်စွာကုသထိန်းချုပ်ခြင်းတို့က အထူးအရေးကြီးပါတယ်။

ဆီးချိုသွေးချိုရောဂါကုသရာမှာလည်း ဆီးချိုထိန်းဆေးတွေ သောက်သုံးရုံနဲ့ မပြည့်စုံနိုင်ဘဲ ကာယကံရှင်လူနာကိုယ်တိုင်နဲ့ လူနာကို အနီးကပ်စောင့်ရှောက်သူတို့အနေနဲ့လည်း ဆီးချိုရောဂါနဲ့ ပတ်သက်တဲ့ ကျန်းမာရေးအသိပညာတွေကို မှန်ကန်စွာ သိရှိနားလည်ဖို့က အရေးကြီးပါတယ်" ဟု ပါမောက္ခ ဒေါက်တာသိန်းမြင့်က ဆိုသည်။

ဟောပြောပွဲတွင် ဆီးချိုသွေးချိုရောဂါနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆီးချိုသွေးချိုရောဂါအသင်းနှင့် မြန်မာနိုင်ငံဆီးချိုနှင့် ဟော်မုန်းရောဂါအထူးကုဆရာဝန်များအသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသိန်းမြင့်က "ဆီးချိုရောဂါဆိုတာ ဘာလဲ၊ အမျိုးအစားများနှင့် ဖြစ်ပွားရသည့်အကြောင်းရင်းများ" ခေါင်းစဉ်ဖြင့် ဆေးတက္ကသိုလ်(၁) ရန်ကုန် ဟော်မုန်းဗေဒဆေးကုဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာချိုမာက "ဆီးချိုရောဂါ၏ လက္ခဏာများ၊ ရောဂါရှာဖွေခြင်းနှင့် ကုသမှုရည်မှန်းချက်များ" ခေါင်းစဉ်တို့ဖြင့် ဟောပြောဆွေးနွေးကြသည်။

အဆိုပါ ကျန်းမာရေးအသိပညာမြှင့်တင်ရေး အစီအစဉ်သည် ရောဂါဖြစ်ပွားပြီးနောက် ကုသခြင်းကိုသာ အလေးထားခြင်းမဟုတ်ဘဲ ကျန်းမာရေးကို ကြိုတင်ကာကွယ်မြှင့်တင်ခြင်း၊ ရောဂါဖြစ်ပွားနိုင်ခြေရှိသူများအား စောစီးစွာသိရှိနိုင်စေရန် အသိပညာပေးခြင်းနှင့် ရောဂါရှိသူများအနေဖြင့် နောက်ဆက်တွဲပြဿနာများကို လျှော့ချနိုင်ရန် မှန်ကန်သောကုသမှုနှင့် နေထိုင်မှုပုံစံများကို လိုက်နာနိုင်စေရန် ရည်ရွယ်သည့် စနစ်တကျစီစဉ်ရေးဆွဲထားသော ပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

သတင်းအမှန်နှင့် သတင်းအမှားများ ရောထွေးပျံ့နှံ့နေသော ယနေ့ခေတ်ကာလတွင် ဆီးချိုဝေဒနာရှင်များနှင့် လူနာကို အနီးကပ်စောင့်ရှောက်သူတို့အတွက် မှားယွင်းသောသတင်းအချက်အလက်များကို အမှန်ထင်၍ လိုက်နာကျင့်သုံးမိပါက လွန်စွာအန္တရာယ်ရှိသည့်အတွက် မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းနှင့် မြန်မာနိုင်ငံ ဆီးချိုနှင့်ဟော်မုန်းရောဂါ အထူးကုဆရာဝန်များအသင်းတို့ ပူးပေါင်း၍ "အသိပညာဖြင့် ဆီးချိုကို ထိန်းချုပ်မယ်" ဟူသော ဆောင်ပုဒ်ဖြင့် ပြည်သူလူထုကျန်းမာရေးအသိပညာမြှင့်တင်ရေးဟောပြောပွဲများကို နှစ်လတစ်ကြိမ် ပြုလုပ်သွားရန် စီစဉ်ထားပြီး ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရေး၊ ဆီးချိုသွေးချိုရောဂါနှင့် ဟော်မုန်းဆိုင်ရာရောဂါများ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်ရေးနှင့် ကျန်းမာရေးအသိပညာ ပိုမိုပြည့်ဝလာစေရေးတို့အတွက် ပညာပေးလုပ်ငန်းများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဟောပြောပွဲမှ သိရသည်။

**သတင်း၊ ဓာတ်ပုံ - ကျော်ကြီး**

# မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်တွေ့ဆုံ



**ရန်ကုန် ဩဂုတ် ၁၆**

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့သည် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူတို့က အမှာစကားပြောကြားကြသည်။

ထို့ပြင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၊ ဒုတိယအထွေထွေအတွင်းရေးမှူး ဒေါ်အေးအေးငြိမ်း၊ လက်ထောက်အထွေထွေအတွင်းရေးမှူး ဒေါ်အိအိထွေးနှင့် တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

---

❖ ***အမျိုးသားပြတိုက်မှ***

ဦးစွာ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ခေတ်အဆက်ဆက် သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို စိတ်ဝင်စားစွာကြည့်ရှုလေ့လာကြပြီး အမျိုးသားပြတိုက်မှ တာဝန်ရှိသူက အမျိုးသားပြတိုက်၏သက်တမ်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြခန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အာကာသပြတိုက်ရှိ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ အာကာသအတွင်း စေလွှတ်ခဲ့သည့် ဒုံးပျံများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများ စသည့် အာကာသဆိုင်ရာ ဗဟုသုတများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို (ပြန်/ဆက်)**

---




❒ ***ရှေ့ဖုံးမှ***

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**




## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဩဂုတ် ၁၆**

ယနေ့ နံနက် ၇ နာရီ ၃၃ မိနစ် ၀၇ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၆၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(ဟုမ္မလင်းမြို့၏ မြောက်-အနောက်မြောက်ဘက် ၁၀ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၅ ဒသမ ၀၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၉၀ ဒီဂရီ၊ အနက် ၁၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၁(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်ကြည့်ရှုထောက်ပံ့အားပေး

**မကွေး ဩဂုတ် ၁၆**

မကွေးမြို့ ပေါ်ရပ်ကွက် လေးခုနှင့် ကျေးရွာ တစ်ရွာမှ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၂၇ စုမှ လူဦးရေ ၅၂၅ ဦးတို့အတွက် ဆန်ရိက္ခာဖိုးနှင့် ငါးသေတ္တာဘူးများ၊ ရေဘေးသင့်ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင်မိခင်များ၊ ငါးနှစ်အောက်ကလေးများ၊ အသက် ၇၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေများ၊ ခေါက်ဆွဲခြောက်၊ သောက်ရေသန့်နှင့် ကြက်ဥတို့ကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့်အတူ မြင်းကင်းကျေးရွာရှိ အလယ်ကျောင်းဓမ္မာရုံ ရေဘေးရှောင်စခန်း၌ ထောက်ပံ့ပေးအပ်ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မင်းဘူးမြို့ မှန်ကင်းကျောင်းတိုက်အတွင်းရှိ ရေဘေးရှောင်စုရပ်နေရာနှင့် ရှင်ပင်



ကြောင်လိမ်ဘုရား ရေဘေးရှောင်စုရပ်များသို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်ပင်များ စိုက်ပျိုးရေး၊ ရေကျသွားပြီးနောက် မိမိတို့၏နေအိမ်များသို့ ပြန်လည်နေထိုင်ချိန်တွင် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့်အသုံးပြုနိုင်ရေး၊ မြွေကင်း အစရှိသောအဆိပ်ရှိသတ္တဝါတို့၏ အန္တရာယ်သတိပြုကြရေး၊ ရေဝင်၍ ခေတ္တကျောင်းပိတ်ထားရသော မိမိတို့၏ရင်သွေးငယ်များကို ကျောင်းနေပျော်၍စာတော်သော၊ လိမ္မာယဉ်ကျေးသော လူချွန်လူမွန်များဖြစ်စေရေး ပြုစုပျိုးထောင်ပေးရန်တို့ကို မှာကြားပြီး ရေဘေးရှောင်စုရပ် နှစ်ခုရှိ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၄၈၉ စု၊ လူဦးရေ ၁၉၈၂ ဦးတို့အတွက် ဆန်ရိက္ခာဖိုးနှင့် ငါးသေတ္တာဘူးများ၊ ရေဘေးသင့်ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင်မိခင်များ၊ ငါးနှစ်အောက်ကလေးများ၊ အသက် ၇၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် သောက်ရေသန့်တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

ယနေ့ထောက်ပံ့မှုတန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၃၁၆ သိန်းကျော်ဖြစ်ကြောင်းနှင့် ၂၀၂၆ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော တိုင်းဒေသကြီး/ပြည်နယ် ကိုးခုရှိ ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များက ငွေကျပ်သန်းပေါင်း ၂၉၀၀ ကျော်တန်ဖိုးရှိ ငွေနှင့်ပစ္စည်းများကို ထောက်ပံ့ပေးထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**ပုသိမ် ဩဂုတ် ၁၆**

ဧဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်း စီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှု ဖြစ်ပွားကာ ရေကျော်စီးဝင်ပြီး ရေဘေးသင့်ခဲ့ရသည့် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို ဟင်္သာတမြို့ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ရိပ်သာ၌ Rotary Myanmar က သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာခဲ၊ ရေသန့်၊ ဆိုလာမီးအိမ်၊ ဖန်ခွက်၊ ငါးသေတ္တာ၊ ပုစွန်ခြောက် ဗာလချောင်ကြော်၊ ပဲကတ္တီပါပြုတ်ဘူး၊ ခေါက်ဆွဲခြောက်၊ ဘီစကွတ် စသည့်ပစ္စည်းများပါဝင်သော Box အရေအတွက် ၁၀၀၀ ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က



လက်ခံရယူသည်။**(အောက်ဝဲပုံ)**

ဦးစွာ လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာအုပ်စု ကွင်းမကျေးရွာ၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လျက်ရှိကြောင်း၊ ရေပြန်ကျပါက ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထားပါကြောင်း၊ တာနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်မှုကို ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ နေ့ဆိုင်း၊ ညဆိုင်းဖြင့် ပိတ်ဖို့ဆောင်ရွက်လျက်ရှိကြောင်း၊ တာပိတ်ဖို့ခြင်းလုပ်ငန်းပြီးစီးပါက ကျန်ရှိသည့်ရေများ အမြန်ဆုံး ပြန်လည်ကျဆင်းရေးအတွက် ရေဆင်းလမ်းကြောင်းများ ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိကြောင်း ပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်က ရေဘေးသင့် ပြည်သူများကို အားပေးစကား ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့ပြင် အိုင်သပြုတိုက်နယ် ဆရာဝန်က ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးအပါအဝင် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာ ဣန္ဒာသယကျောင်းတိုက်၌ ဒေသခံပြည်သူများ ဆက်သွယ်ရေးကွန်ရက်များ မပြတ်တောက်စေရေးအတွက် B2B satellite terminal အား Call on wheel (COW) ရွေ့လျားမိုဘိုင်းကားတွင် တပ်ဆင်ထားရှိပြီး ဖုန်းပြောခြင်းနှင့် data အသုံးပြုနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ လေးမျက်နှာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနက ဆေးခန်းများ ဖွင့်လှစ်ထားရှိမှု၊ ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများက ရေဘေးသင့် လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများအတွက် ပေးပို့လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံ အနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင် ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်မှသည် ပြည်တွင်းငြိမ်းချမ်းရေးခရီးဆီသို့...

**မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ သက်တမ်းရှည်ကြာသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ရင်ဆိုင်နေရပြီး နိုင်ငံရေးစနစ် ကူးပြောင်းမှုတိုင်းတွင် တိုင်းပြည်တည်ဆောက်ရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အဓိကစိန်ခေါ်မှုများ ဖြစ်ခဲ့ပါသည်။**

အောင်ကျော်မိုး(ငြိမ်းချမ်းရေး)

ဒီမိုကရေစီအကူးအပြောင်းကာလ အစိုးရသစ်များ၏ သက်တမ်းဦးတွင် ချမှတ်လေ့ရှိသော **"ရက် ၁၀၀ စီမံချက်"**သည် အစိုးရ သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းခွင်များတွင် ဤကာလသည် ဦးတည်ချက်၊ မျှော်မှန်းချက်နှင့် လုပ်ငန်းစွမ်းဆောင်ရည် အစပျိုးမှုတို့ကို ပြသနိုင်ရန်အတွက် အလွန်အရေးပါသည်ဟု သတ်မှတ်ကြပါသည်။

ရက်ပေါင်း ၁၀၀ ကာလအတွင်း နိုင်ငံ့ခေါင်းဆောင်သစ်များအနေဖြင့် ယုံကြည်မှုတည်ဆောက်ခြင်း၊ စီမံခန့်ခွဲမှုစွမ်းရည်ကို ပြသခြင်းနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအတွက် အခြေခံအုတ်မြစ်ချခြင်းတို့ဆိုင်ရာ မဟာဗျူဟာမြောက် လုပ်ငန်းစဉ်များကို လုပ်ဆောင်လေ့ရှိပါသည်။ ထို့ပြင် ဤကာလသည် လက်ရှိအခြေအနေများကို ဆန်းစစ်ခြင်း၊ အဓိကဦးစားပေးကိစ္စရပ်များကို ဖော်ထုတ်ခြင်းနှင့် အရေးတကြီးကိစ္စရပ်များအပေါ် လျင်မြန်စွာ ဆုံးဖြတ်ချက်ချခြင်းတို့ ပြုလုပ်ရမည့်အချိန်လည်း ဖြစ်ပါသည်။

နိုင်ငံရေးနယ်ပယ်တွင်မူ ဤသဘောတရားကို ရွေးကောက်ပွဲကတိကဝတ်များအပေါ် လက်တွေ့လုပ်ဆောင်ချက်များအဖြစ် မည်မျှထိရောက်စွာ ပြောင်းလဲ အကောင်အထည်ဖော်နိုင်သည်ကို အကဲဖြတ်ရန်အတွက် မကြာခဏအသုံးပြုလေ့ရှိပြီး တစ်ချိန်တည်းမှာပင် ယင်းလုပ်ဆောင်ချက်များမှတစ်ဆင့် ရရှိလာသော အရှိန်အဟုန်ကို အသုံးချကာ တရားဝင်မှုနှင့် ပြည်သူ့ထောက်ခံမှုကို တည်ဆောက်လေ့ရှိကြပါသည်။

**ငြိမ်းချမ်းရေးဆိုင်ရာ ကြေညာချက်နှင့် မူဝါဒလမ်းစဉ်**

နိုင်ငံတော်အစိုးရက ရက် ၁၀၀ စီမံချက်အား ၂၀၂၆ ခုနှစ် ဧပြီလ ၂၀ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ သတ်မှတ်ကြေညာခဲ့ပါသည်။ အဆိုပါစီမံချက်တွင် အပိုင်း နှစ်ပိုင်းပါဝင်၍ ဝန်ကြီးဌာနများမှ စီမံချက်ဖြင့် ဆောင်ရွက်ရမည့်အပိုင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် သက်ဆိုင်သည့်အပိုင်းတို့ ဖြစ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ NCA လက်မှတ်ရေးထိုးထားသော EAOs များအနက် လွန်ခဲ့သော ငါးနှစ်အတွင်း မတွေ့ဆုံဖြစ်ခဲ့သော အဖွဲ့များ (ဥပမာ- KNU၊ CNF၊ ABSDF) အား ပြန်လည်တွေ့ဆုံရန် ဖိတ်ခေါ်ခဲ့ရုံသာမက NCA လက်မှတ်မရေးထိုးရသေးသော EAOs များအားလည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တက်ရောက်ရန် တရားဝင်ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပြီး PDF အဖွဲ့များသို့လည်း ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ရန် ဖိတ်ခေါ်ခဲ့ပါသည်။

နိုင်ငံတော်သမ္မတကြီးက ၂၀၂၆ ခုနှစ် ဧပြီလ ၂၀ ရက် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ မြွက်ကြားခဲ့ရာတွင် **"ကျွန်တော်တို့လည်း ငြိမ်းချမ်းရေးလိုချင်ပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု မရှိရင် ဖွံ့ဖြိုးရေးကိစ္စဆိုတာ ဘာမှလုပ်လို့မရဘူး။ ငြိမ်းချမ်းရေးလုပ်မှသာ၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းက လုပ်လို့ရတယ်။ ရှေ့က တည်ဆောက်ရေးလုပ်ငန်းလုပ်သွား၊ နောက်က အဖျက်လုပ်ငန်းတွေပါလာလို့ရှိရင် သမင်မွေးရင်း၊ ကျားစားရင်းဆိုသလို ဖြစ်နေမှာပေါ့။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးမှာလည်း မဖြစ်နိုင်တာတွေ လျှောက်တောင်းဆိုပြီးတော့မှ ကိုယ့်အဖွဲ့အစည်း တည်တံ့ခိုင်မြဲရေးအတွက် လုပ်နေတယ်ဆိုလို့ရှိရင်တော့ မှားသွားပါမယ်။ ကျွန်တော်တို့အနေနဲ့လည်း လုပ်သင့်လုပ်ထိုက်တာတွေကိုတော့ နိုင်ငံတော်အနေနဲ့လည်း လုပ်ရမှာတွေရှိလာပါလိမ့်မယ်။ ဒါကြောင့် EAOs တွေမှာလည်း NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေရော၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုတဲ့ အဖွဲ့တွေရော ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ ဖိတ်ခေါ်ပါတယ်။ နောက် လက်မှတ်ရေးထိုးထားပြီးတော့မှ သဘောတူညီချက်ယူထားတာတွေရှိတယ်။ ဥပမာအားဖြင့် ၄၃ ချက် သဘောတူညီထားတာရှိတယ်။ NCA လက်မှတ်ရေးထိုးပြီးတော့မှ ဆွေးနွေးခဲ့တဲ့အထဲမှာ Union Accord ရထားတဲ့ သဘောတူညီချက်တွေရှိတယ်။ အဲဒါကိုလည်း လာမယ့် ပြည်ထောင်စုလွှတ်တော်တွေမှာ တင်ပြပြီးတော့ အပိုင်းလိုက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခုနက ပြောတဲ့ တွေ့ဆုံဆွေးနွေးခြင်း မပြုရသေးတဲ့ အဖွဲ့တွေလည်း တွေ့ဆုံဆွေးနွေးဖို့အတွက် ဇူလိုင်လ ၃၁ ရက် နောက်ဆုံးထားပြီးတော့ ဆွေးနွေးဖို့အတွက် ကျွန်တော်တို့ ဖိတ်ခေါ်ပါတယ်။ ဇူလိုင် ၃၁ ရက်နေ့မတိုင်မီမှာ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ပါမယ်။ ဒီလိုပဲ PDF နဲ့ ပတ်သက်လို့ရှိရင်လည်း ဒီကာလအတွင်းမှာ ဥပဒေဘောင်အတွင်း ဝင်လာကြဖို့ ဖိတ်ခေါ်ပါတယ်။ နိုင်ငံရေးအရလည်း ဘာမှ ခိုင်လုံတဲ့ အကြောင်းပြချက်မဟုတ်ပါဘူး။ အဖွင့်မှာ ပြောခဲ့သလိုပဲ အသုံးချခံနေရလို့သာ ဖြစ်နေကြတာပဲဖြစ်ပါတယ်။ ဒါကြောင့် အသုံးချမခံရအောင် နေကြဖို့ ပြောလိုပါတယ်"**ဟူ၍ PDF အဖွဲ့များ အပါအဝင် အဖွဲ့အစည်းအသီးသီးကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာရန်နှင့် မိမိတို့၏သဘောထားများကို ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးကြရန် အလေးအနက် ဖိတ်ခေါ်ခဲ့ပါသည်။

> **"ရက် ၁၀၀ စီမံချက်က ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အရှိန်အဟုန်မပျက် ဆက်လက်ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေးဆိုင်ရာ ခိုင်မာပြတ်သားသည့် သဘောထားဆန္ဒနှင့် တာဝန်ယူဆောင်ရွက်လိုမှုကို ထင်ဟပ်ပြသနိုင်ခဲ့ပါသည်။ သို့ရာတွင် ငြိမ်းချမ်းရေးသည် ရက် ၁၀၀ အတွင်း အပြီးသတ်နိုင်သည့် လုပ်ငန်းစဉ်တစ်ရပ်မဟုတ်ဘဲ ရေရှည်တည်တံ့ခိုင်မြဲစေရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်မှုများနှင့် ရေရှည်လုပ်ငန်းစဉ်များ လိုအပ်မည်ဖြစ်ပါသည်။ ရက် ၁၀၀ အတွင်း ရရှိခဲ့သည့် နိုင်ငံရေးသဘောတူညီချက်များနှင့် အတွေ့အကြုံများ၊ အပြုသဘောဆောင်သော ဆွေးနွေးချက်များနှင့် ရလဒ်များမှတစ်ဆင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးတည်ဆောက်ရေးဆိုင်ရာ ဆွေးနွေးမှုများကို ဆက်လက်ဖော်ဆောင်ရန် လိုအပ်"**

နိုင်ငံတော်အစိုးရ၏ လမ်းစဉ်မှာ တည်ငြိမ်အေးချမ်းရေးနှင့် ရှေ့လုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် အဖွဲ့များသာမက လက်မှတ်မထိုးရသေးသည့် အဖွဲ့များကိုပါ တွေ့ဆုံဆွေးနွေးရန် တံခါးအမြဲဖွင့်လှစ်ထားရှိပါသည်။

PDF အဖွဲ့ဝင်များအနေဖြင့် အသုံးချခံဘဝမှ ရုန်းထွက်ကာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၍ နိုင်ငံတော်တည်ဆောက်ရေးတွင် ပူးပေါင်းပါဝင်ရန် တိုက်တွန်းထားပါသည်။ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်သူများအနေဖြင့် မိမိတို့၏ လူမှုစီးပွားဘဝများကို အေးချမ်းစွာ လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရေးအတွက် ပြည်သူနှင့် အစိုးရအကြား ယုံကြည်မှုတည်ဆောက်ခြင်းဖြင့် ငြိမ်းချမ်းသော လူ့အသိုက်အဝန်းတစ်ခုကို တာဝန်ရှိသူအားလုံးက နိုင်ငံ့အကျိုး ရည်မျှော်ပြီး ဖော်ဆောင်သွားရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက ၂၀၂၆ ခုနှစ် ဧပြီလ ၁၁ ရက်တွင် အမိန့်အမှတ် ၃၆ / ၂၀၂၆ အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် လိုအပ်သော မူဝါဒများ ချမှတ်ပေးခြင်းနှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် "အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ (National Solidarity and Peace – making Central Committee)" ကိုလည်းကောင်း၊ အမိန့်အမှတ် ၃၇ / ၂၀၂၆ အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် "အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (National Solidarity and Peace – making Working Committee )" နှင့် အမိန့်အမှတ် ၃၈ / ၂၀၂၆ အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက ချမှတ်ပေးသော လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် "အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (National Solidarity and Peace–making Negotiation Committee)"ဟူသည့် ကော်မတီသုံးရပ်တို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ(NSPC)သည် ၂၀၂၆ ခုနှစ် ဧပြီလ ၂၂ ရက်တွင် ကြေညာချက်အမှတ် ၁/၂၀၂၆ ကို ထုတ်ပြန်ကြေညာခဲ့ပြီး ယင်းကြေညာချက်တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများကျင်းပပြုလုပ်နိုင်ရန် လေးနက်စွာ ဖိတ်ခေါ်အပ်ပါကြောင်း၊ လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများကျင်းပနိုင်ရန် အဓိကအချက် လေးချက်အနေဖြင့် "NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ NCA ပါ သဘောတူညီချက်များကို ပြီးစီးအောင်မြင်သည်အထိ အတူတကွ ပူးတွဲအကောင်အထည်ဖော်နိုင်ရေး တွေ့ဆုံဆွေးနွေးရေး"၊ "NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့ဒေသနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး နှစ်ဖက်သဘောတူညီထားသည့် သဘောတူညီချက်များအတိုင်း နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေး တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ကြနိုင်ရေး"၊ "NCA လက်မှတ်ရေးထိုးထားပြီး အကြောင်းအမျိုးမျိုးကြောင့် NCA လမ်းကြောင်းမှ သွေဖည်နေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများဖြင့် ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းအဖြေရှာနိုင်ရေးအတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှု (Political Dialogue)များ ပြန်လည်လုပ်ဆောင်နိုင်ရေး"နှင့် "ယနေ့မှစ၍ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်အတွင်း ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို အသိအမှတ်ပြုလျက် ဆွေးနွေးပွဲများ ဆောင်ရွက်သွားနိုင်ရေးဟူ၍" ဖော်ပြပါရှိပါသည်။

**ငြိမ်းချမ်းရေး ရက် ၁၀၀**

နိုင်ငံတော်အစိုးရက ရက် ၁၀၀ စီမံချက်နှင့် ပတ်သက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိစ္စရပ်များအား အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်မတိုင်မီအချိန်မှစ၍ NCA စာချုပ်တွင် လက်မှတ်ထိုးထားသည့် အဖွဲ့အစည်းများ၊ လက်မှတ်ရေးထိုး၍ တွေ့ဆုံဆွေးနွေးမှု မလာရောက်သေးသည့်အဖွဲ့များ၊ NCA လက်မှတ်မရေးထိုးရသေးသည့်အဖွဲ့များအား တွေ့ဆုံဆွေးနွေးမှုများ ဖိတ်ခေါ်၍ လုပ်ငန်းစဉ်များ ချမှတ်ထားရှိခဲ့ရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး ငြိမ်းချမ်းရေးကိုရှေးရှုသည့် လုပ်ငန်းစဉ်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား စနစ်တကျ ဆွေးနွေးညှိနှိုင်းကာ ပကတိမြေပြင်အခြေအနေ လိုအပ်ချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးကို တည်ဆောက်ရန်အတွက် "ငြိမ်းချမ်းရေးသည်သာ ပထမ"၊ "ငြိမ်းချမ်းရေးသည်သာ ဒုတိယ"၊ "ငြိမ်းချမ်းရေးသည်သာ တတိယ" ဟူသော သန္နိဋ္ဌာန်ချမှတ်၍ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်မှာ အစိုးရသစ်၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်

*စာမျက်နှာ ၇ သို့*

# မေတ္တာပန်းနှင့် ငြိမ်းချမ်းမြေ

❑ နွားကွဲလျှင် ကျားဆွဲဖို့
သားရဲတို့ စောင့်နေသည် ..။
အသိယွင်းပါလို့
သတိကင်းလျှင် ကြမ္မာဆိုး
ကျိုးနည်းတတ်သည် ..။
ယနေ့ခေတ် ကမ္ဘာသည်
ပညာခေတ် ဆိုကြ ..။
အသိ အတတ် ပညာနဲ့
စေတနာ ရှေ့ကထား
ကြိုးစားပေမှ ..။
❑ ခေတ်အခြေ စနစ်တွေပြောင်း
အတွေးဟောင်း စံမမီ ..။

မှန်ကန်စွာ နိုင်ငံ့အရေး
တွေးသင့်လှပြီ ..။
မေတ္တာနဲ့ အခြေတည်
မသွေဖည်တဲ့ အမှန်တရား ..။
ညီတညာ ပြည်သာကြောင်းက
ပေါင်းစုအင်အား ..။
❑ ပြည်သူ့ရင် အမှန်အေးဖို့
ကြံတွေးလို့ ပြုကြလျှင် ..။
သစ္စာမှန် စေတနာအကျိုး
ပွားတိုး စည်ပင် ..။
မြဲအစဉ်
တွဲယှဉ်တဲ့ သည်လက်များ..။

အရာရာနောင်, ယခု
အောင်မှု ထင်ရှား ..။
❑ အမှားရှောင် အမှောင်ကွင်း
အလင်းလမ်း ရှေ့သို့ချီ ..။
အချိန်မီ အခါမလင့်
လှမ်းသင့်လှပြီ ..။
စည်းလုံးမှု အခြေတည်
တို့တိုင်းပြည် တို့အင်အား ..။
ဘေးစကားတွေနဲ့ ..
အတွေးမမှားလေနဲ့
သွေးစကား အမှန်ယုံလို့
ရန်အဖုံဖုံ ပယ်ခွာရှင်း
လင်းကြစေသား ..။ ။
(ထာဝရငြိမ်းချမ်းရေးသို့ – )

မိုးချမ်းမြေ

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင် အလှူရှင်များ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင် ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင် အလှူရှင်များက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၅၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်က ဆန်အိတ်များ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဆန်အိတ် ၅၀၀ ကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်ထံ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ လွှတ်တော် ကိုယ်စားလှယ်များနှင့် စေတနာရှင် အလှူရှင်များသည် ဧရာဝတီတိုင်းဒေသကြီးမှ အပြန်လမ်း တစ်လျှောက်ရှိ ရေဘေးရှောင်နေရာသို့ သွားရောက်၍ အလှူငွေများ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

အဆိုပါခရီးစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လွှတ်တော်ကော်မတီအသီးသီးမှ ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့နှင့် လူမှုရေးရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့မှ အဖွဲ့ဝင်များ လိုက်ပါခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



*❊ ကျောဖုံးမှ*

ယှဉ်ပြိုင်ရာ မြင့်မြတ်မောင်(အနီ)က လည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ ဂွမ်ဆန်ဆိုင်းအောင်(အနီ)နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဒီဆိုင်းလျန်(အပြာ)တို့ ယှဉ်ပြိုင်ရာ ဂွမ်ဆန်ဆိုင်းအောင် (အနီ)က လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ ထွန်းဝေယံလင်း(အနီ)နှင့် မွန်ပြည်နယ်အသင်းမှ ကျော်ကျော်ဌေး (အပြာ)တို့ ယှဉ်ပြိုင်ရာ ကျော်ကျော်ဌေး(အပြာ)က လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ မင်းဘုန်းမြင့် (အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ ဖိုးသဲ(အပြာ)တို့ ယှဉ်ပြိုင်ရာ ဖိုးသဲ(အပြာ)က လည်းကောင်း၊ အမျိုးသား ၅၄ ကီလို လူသစ်တန်းပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းမှ စောချစ်လေး(အနီ)နှင့် ရှမ်းပြည်နယ်အသင်းမှ ချစ်ငြိမ်းဦး(အပြာ)တို့ ယှဉ်ပြိုင်ရာ စောချစ်လေး(အနီ)က လည်းကောင်း၊ ကယားပြည်နယ်အသင်းမှ အာကာပိုင်ထူး(အနီ)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ထက်ရှိုင်းလွင်(အပြာ)တို့ ယှဉ်ပြိုင်ရာ ထက်ရှိုင်းလွင်(အပြာ)က လည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ တမ်ဟာရှိန်း(အနီ)နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ဖြိုးမင်းသန်း(အပြာ)တို့ ယှဉ်ပြိုင်ရာ တမ်ဟာရှိန်း(အနီ)က လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ လင်းသူရအောင်(အနီ)နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ထက်လင်းစံ(အပြာ)တို့ ယှဉ်ပြိုင်ရာ လင်းသူရအောင်(အနီ)က လည်းကောင်း အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသား ၅၇ ကီလို လူသစ်တန်းပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ထူးမြတ်လင်း(အနီ)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ရန်ကျိုန်ကျို(အပြာ)တို့ ယှဉ်ပြိုင်ရာ ထူးမြတ်လင်း(အနီ)က လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ဝေယံမင်းသူ(အနီ)နှင့် ရှမ်းပြည်နယ်အသင်းမှ ဇွဲလင်းထက်နိုင်(အပြာ)တို့ ယှဉ်ပြိုင်ရာ ဝေယံမင်းသူ(အနီ)က လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ မြတ်မင်းသူ(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ရန်မျိုးအောင် (အပြာ)တို့ ယှဉ်ပြိုင်ရာ ရန်မျိုးအောင်(အပြာ)က လည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ အောင်ထက်ကို(အနီ)နှင့် ကချင်ပြည်နယ်အသင်းမှ နိုင်ထက်ဦး(အပြာ)တို့ ယှဉ်ပြိုင်ရာ အောင်ထက်ကို (အနီ)က လည်းကောင်း၊ အမျိုးသား ၅၇ ကီလို (၈ အဆင့်)ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ ကျော်စိုးသန်း(အနီ)နှင့် ကယားပြည်နယ်အသင်းမှ ဝေယံကျော်(အပြာ)တို့ ယှဉ်ပြိုင်ရာ ကျော်စိုးသန်း (အနီ)က လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ချမ်းမျိုးထက်(အနီ)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ မင်းပြည့်စုံ(အပြာ)တို့ ယှဉ်ပြိုင်ရာ ချမ်းမျိုးထက်(အနီ)ကလည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ ဟာဂေဟုန်း(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဒွေးကို(အပြာ)တို့ ယှဉ်ပြိုင်ရာ ဟာဂေဟုန်း(အနီ)က လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဝိုင်းချစ်ထွန်း(အနီ) နှင့် ကရင်ပြည်နယ်အသင်းမှ စောစိုးဒို့(အပြာ)တို့ ယှဉ်ပြိုင်ရာ စောစိုးဒို့(အပြာ)က လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၁၇ ရက်တွင် ရိုးရာလက်ဝှေ့ပြိုင်ပွဲအကြို ဗိုလ်လုပွဲပွဲစဉ်များအဖြစ် အမျိုးသား ၆၃ ဒသမ ၅ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၁ ကီလို (၈ အဆင့်)ပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို(၈ အဆင့်) ပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို (၈အဆင့်)ပြိုင်ပွဲ၊ အမျိုးသမီး ၅၁ ကီလိုပြိုင်ပွဲ၊ အမျိုးသမီး ၅၇ ကီလိုပြိုင်ပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၃ ဖွဲ့နှင့် တွေ့ဆုံ ဆွေးနွေးခဲ့မှုများက သက်သေအခိုင်အမာပင် ဖြစ်ပေသည်။

အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များအကြား တိုက်ရိုက်ထိတွေ့ဆက်ဆံမှုများကြောင့် ယုံကြည်မှုကွာဟချက်ကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်ခဲ့ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဆီသို့ လျှောက်လှမ်းရာတွင် ဖက်ဒရယ်စနစ်၊ နယ်မြေစိုးမိုးမှု၊ သဘာဝသယံဇာတခွဲဝေမှုနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း စသည့်အကြောင်းအရာများသည် နက်ရှိုင်းသော အခြေခံအကြောင်းရင်းများပေါ်တွင် မူတည်နေသဖြင့် ရက်ပေါင်း ၁၀၀ ဟူသော အချိန်ကာလအတွင်း သဘောတူညီချက်ရရှိရန်မှာ အကန့်အသတ်များ ရှိနေနိုင်ပါသည်။

ရက် ၁၀၀ စီမံချက်က ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပျက် ဆက်လက်ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေးဆိုင်ရာ ခိုင်မာပြတ်သားသည့် သဘောထားဆန္ဒနှင့် တာဝန်ယူဆောင်ရွက်လိုမှုကို ထင်ဟပ်ပြသနိုင်ခဲ့ပါသည်။ သို့ရာတွင် ငြိမ်းချမ်းရေးသည် ရက် ၁၀၀ အတွင်း အပြီးသတ်နိုင်သည့် လုပ်ငန်းစဉ်တစ်ရပ်မဟုတ်ဘဲ ရေရှည်တည်တံ့ခိုင်မြဲစေရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်မှုများနှင့် ရေရှည်လုပ်ငန်းစဉ်များ လိုအပ်မည်ဖြစ်ပါသည်။ ရက် ၁၀၀ အတွင်း ရရှိခဲ့သည့် နိုင်ငံရေးသဘောတူညီချက်များနှင့် အတွေ့အကြုံများ၊ အပြုသဘောဆောင်သော ဆွေးနွေးချက်များနှင့် ရလဒ်များမှတစ်ဆင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး တည်ဆောက်ရေးဆိုင်ရာ ဆွေးနွေးမှုများကို ဆက်လက်ဖော်ဆောင်ရန် လိုအပ်ပါသည်။

ထို့ပြင် ငြိမ်းချမ်းရေးဆွေးနွေးမှုများနှင့်အတူ ပဋိပက္ခရှောင်ပြည်သူများအတွက် ပြန်လည်နေရာချထားရေး၊ လူမှုစီးပွားဘဝ ပြန်လည်တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း တစ်ပြိုင်နက်တည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပြီး ယင်းလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်မှာလည်း အစိုးရတစ်ရပ်တည်း၏ ကြိုးပမ်းမှုဖြင့် မရနိုင်သည့်အတွက် သက်ဆိုင်သူအားလုံးနှင့် လူမှုအသိုင်းအဝိုင်းအသီးသီး၏ စဉ်ဆက်မပြတ် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသားအားလုံးပါဝင်သော ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း(မန္တလေး) တည်ဆောက်ဖွင့်လှစ်မည်

မန္တလေး ဩဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးဝန်ထမ်းများ၏ စစ်ဆေးရေးအရည်အသွေးနှင့် ရုံးလုပ်ငန်းစီမံခန့်ခွဲမှုစနစ် ပိုမိုတိုးတက်ကောင်းမွန်စေရေး၊ အခြားဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများ၏ စာရင်းပညာဆိုင်ရာအသိပညာနှင့် လက်တွေ့ကျွမ်းကျင်မှုတိုးတက်စေရေးအတွက် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (မန္တလေး) တည်ဆောက်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ကျင်းပသည့် အဆိုပါသင်တန်းကျောင်း ပန္နက်တင်မင်္ဂလာအခမ်းအနားမှ သိရသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်နှင့်ရန်ကုန်ကိုဖွင့်လှစ်၍ နိုင်ငံ၏ စာရင်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အချင်းပြည့်မီသော လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုပေါ်ထွန်းလာစေရန် သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိပြီး ယခုတည်ဆောက်မည့် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (မန္တလေး) သည် တတိယမြောက်ဖွင့်လှစ်သည့် သင်တန်းကျောင်းဖြစ်ကာ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့





ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်တို့ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် စစ်ကိုင်းမြို့ အသခ်ယာဉ္ဇေ့ရိပ်သာ၌ စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ စစ်ကိုင်းနှင့် မုံရွာခရိုင်/ မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင်နှင့် မြို့နယ်စာရင်းစစ်ရုံး ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့နံနက်ပိုင်းကလည်း မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၌ မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ ခရိုင်/မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ စစ်ဆေးရေးလုပ်ငန်းသည် ပြည်သူ့ဘဏ္ဍာငွေများ စနစ်တကျသုံးစွဲနိုင်ရေး၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာရေးအတွက် အရေးပါသည့်လုပ်ငန်းဖြစ်သဖြင့် အရည်အသွေးပြည့်ဝသည့် အစီရင်ခံစာများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေးဆောင်ရွက်ရန်၊ ရိုးသားဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်ရန်၊ ခေတ်စနစ်နှင့် လျော်ညီသည့်စာရင်းပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာသင်ယူရန် မှာကြားသည်။

ဆက်လက်၍ လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်း (Compliance Audit) ကို စနစ်တကျ၊ အရည်အသွေးပြည့်ဝစွာဖြင့် ထိရောက်စွာ ဆောင်ရွက်နိုင်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်း စာရင်းစစ်ဆေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းစာရင်းစစ်ဆေးခြင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် ခရိုင်/ မြို့နယ် စာရင်းစစ်ရုံးဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ရလဒ်အနေဖြင့် Audit Plan ရေးဆွဲရာတွင် စံသတ်မှတ်ချက်များ (Criteria) နှင့်အညီ Risk ဧရိယာများကို ဖော်ထုတ်၍ အန္တရာယ်မြင့်မားသော နယ်ပယ်များကို အဓိကထား စစ်ဆေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဘားအံမြို့နယ်၊ ဆိပ်သာမြို့၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ သတိပြုရှောင်ရှား

နေပြည်တော် ဩဂုတ် ၁၆

### ညောင်ဦးမြို့

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၆ စင်တီမီတာ (၆ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည် ကျဆင်းနိုင်သည်။

### ဆိပ်သာမြို့

ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၈ စင်တီမီတာ (၁ ပေ ၁၁ လက်မခန့်) ကျော်လွန်ရောက်ရှိပြီး နောက်တစ်ရက်အတွင်း ၅ စင်တီမီတာ(၂ လက်မ)ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

### ဟင်္သာတမြို့

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၄၃ စင်တီမီတာ (၁ ပေ ၅ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၀ စင်တီမီတာ(၄ လက်မ)ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

### ဇလွန်မြို့

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၄၁ စင်တီမီတာ (၁ ပေ ၄ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၀ စင်တီမီတာ(၄ လက်မ)ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

### ဘားအံမြို့

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၉၂ စင်တီမီတာ (၃ ပေခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၅ စင်တီမီတာ (၂ လက်မ)ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ် ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

### မဒေါက်မြို့

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၁ စင်တီမီတာ (၁ ပေ ၈ လက်မခန့်) ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက် အတွင်း ၅ စင်တီမီတာ (၂ လက်မ)ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

### ငါးသိုင်းချောင်းမြို့

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၀ စင်တီမီတာ (၄ လက်မ)ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဘားအံမြို့နယ်၊ ဆိပ်သာမြို့၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

---

## ရာသီဥတုအကြောင်းပြ ကမ်းနီးဒေသအတွင်း ငါးပုစွန်ဖမ်းဆီးပါက အရေးယူမည်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင်ကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတု ခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# စကုမြို့၌ မိုးရာသီဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**မင်းဘူး ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး စကုမြို့နယ် စကုမြို့အားကစားကော်မတီက ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် အမျိုးသားအလွတ်တန်း ကလပ်အသင်းပေါင်းစုံ မိုးရာသီဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီက စကုမြို့မ အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းထိုက်ဦးက အားကစားပစ္စည်းများ ပေးအပ်ကာ မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက စကုမြို့ အားကစားကော်မတီနှင့် စကုမြို့ No.1 ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်ပြီး ဘောလုံးပြိုင်ပွဲကို ကျင်းပရာ အဖွင့်ပွဲစဉ်အဖြစ် စလင်းမြို့နယ်ကိုယ်စားပြု ရွှေမှော်အောင်အသင်းနှင့် ပွင့်ဖြူမြို့နယ်ကိုယ်စားပြု LEL HLA YOUTH အသင်းတို့က အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။



၂၀၂၆ ခုနှစ် စကုမြို့ အားကစားကော်မတီက ကြီးမှူးကျင်းပသော အမျိုးသားအလွတ်တန်းကလပ် အသင်းပေါင်းစုံ မိုးရာသီဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲတွင် စကုမြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပြိုင်ပွဲအသင်းများ၊ မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး (စကု)၊ ပွင့်ဖြူ စလင်းနှင့် ငဖဲ မြို့နယ်များမှ ပြိုင်ပွဲဝင် အသင်းများအပြင် မကွေးတိုင်းဒေသကြီး အတွင်းမှ ကလပ်အသင်းများက ပြိုင်ပွဲဝင် အသင်းစုစုပေါင်း ၂၅ သင်းဖြင့် အုပ်စုရှစ်အုပ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်ကာ၊ ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို လာရောက်အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ကန့်ဘလူမြို့၌ ခရိုင်အဆင့်ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ကန့်ဘလူ ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အတွင်း မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ကန့်ဘလူမြို့၌ ခရိုင်အဆင့်ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၁၃ ရက်က မြို့မအားကစားကွင်း(ဘောလုံးကွင်း) ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ သက်ဇော်ဦးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဘောလုံးပြိုင်ပွဲကို ကျင်းပရာ မြင့်မိုရ်(၁)အသင်းနှင့် ဆု(၁)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြင့်မိုရ်(၁) အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ အဆိုပါ ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ ကျန်ရက်များ၌ နံနက်နှစ်ပွဲ၊ ညနေ တစ်ပွဲ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါ်စုစုဌေး၊ မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးစိုးနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများ၊ နည်းပြများ၊ အုပ်ချုပ်သူများ၊ ဘောလုံးအားကစားသမားများ၊ ကျောင်းသား ကျောင်းသူများ လာရောက်အားပေး ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**





# မိုင်းပန်မြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ U-14 ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မိုင်းပန် ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား Football For School Program အစီအစဉ်အရ ကျင်းပပြုလုပ်သော ၂၀၂၆ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ U–14 ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက ဘင်ခရာ၊ ပန်းဖွားအက၊ အေရိုးဗစ်အက စသည်များဖြင့် ဖျော်ဖြေကပြခဲ့သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်က အမှာစကားပြောကြားပြီး ပထမဆု၊ ဒုတိယဆု၊ အကောင်းဆုံးအားကစားသမားဆု၊ အကောင်းဆုံး ဂိုးသမားဆု၊ ရှေ့တန်း၊ အလယ်တန်း၊ အနောက်တန်း အကောင်းဆုံး အားကစားသမားဆုနှင့် အသန့်ရှင်းဆုံးဆုများ အသီးသီးကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❐ *ကျောဖုံးမှ*

ဘရာဇီး ပြည်တွင်းကလပ်များတွင်ပါ သွားရောက်ကစားခဲ့ဖူးသည့် အတွေ့အကြုံရင့် ကစားသမားကောင်းတစ်ဦး ဖြစ်သည်။

ဖိလစ်ပီသည် အရပ် ငါးပေ ၁၁ လက်မကျော်ရှိကာ ဗဟိုခံစစ်နေရာတွင် အဓိကကစားလေ့ရှိပြီး ညာနောက်ခံနေရာတွင်ပါ အချိတ်အဆက်မိမိ ဝင်ရောက်ကစားနိုင်သည့် စွယ်စုံရ ခံစစ်ကစားသမားတစ်ဦးလည်း ဖြစ်သည်။

အသစ်ခေါ်ယူလိုက်သည့် ခံစစ်ကစားသမား ဖိလစ်ပီအနေဖြင့် လာမည့်ရာသီသစ်တွင် ရတနာပုံအသင်းအတွက် ကျောနံပါတ် (၄၀) ဝတ်ဆင်ကာ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဖိလစ်ပီ၏ ဥရောပကလပ်များ၌ ကျင်လည်ခဲ့သည့် အတွေ့အကြုံများနှင့် ရင့်ကျက်သည့် ခံစစ်စွမ်းဆောင်ရည်များက အသင်း၏ နောက်တန်းခံစစ်ကြောင်းအတွက် အဓိက အထောက်အကူပြုနိုင်လိမ့်မည်ဟု ကလပ်အသင်းဘက်က အပြည့်အဝ ယုံကြည်လျက်ရှိသည်။

**နေမျိုး၊ ဓာတ်ပုံ-YDNB**

● *ကျောဖုံးမှ*

ကုန်ဆုံးပြီးနောက် ဆန်စီရိုသို့ ပြောင်းရွှေ့သွားသည့် ဂျွန်စတုန်းစ်ပြီးနောက် ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့သည့် ဒုတိယမြောက် အင်္ဂလန်ကစားသမား ဖြစ်လာခဲ့သည်။

စပန့်စ်သည် ၂၀၂၅-၂၀၂၆ ရာသီတွင် စပါးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၄၄ ပွဲ ပါဝင်ကစားထားသည်။ ၎င်းသည် ၂၀၂၂ ခုနှစ်တွင် မစ်ဒယ်ဘရော့အသင်းမှ စပါးအသင်းသို့ ကနဦးပြောင်းရွှေ့ကြေးပေါင် ၁၂ ဒသမ ၅ သန်းဖြင့် ရောက်ရှိလာသူဖြစ်သည်။ ၎င်းသည် ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်း၏ ပွဲစဉ်အားလုံးကို ပါဝင်ကစားခဲ့ပြီး တတိယရရှိအောင် ကူညီပေးထားနိုင်သည်။

၎င်းသည် ၂၀၂၄ ခုနှစ်က ဂျီနိုအာအသင်းတွင် ခြောက်လကြာ အငှားကစားပြီးနောက် ယခုအခါ အီတလီတွင် ဒုတိယအကြိမ်မြောက် ပြန်လည်ကစားခွင့်ရတော့မည် ဖြစ်သည်။

**အောင်ဇော်**

❂ *ကျောဖုံးမှ*

ဦးဆောင်ဂိုး ခွင့်ပြုပေးခဲ့ရသည်။ ၈၁ မိနစ်တွင် အောင်ပြည့်ဖြိုးက ဂိုးဧရိယာအစပ်ကနေ ဒုတိယဂိုး သွင်းယူခဲ့သည်။ တတိယဂိုးအဖြစ် ပွဲချိန် မိနစ် ၉၀ တွင် ရရှိသည့် ပြစ်ဒဏ်ဘောမှ တစ်ဆင့် ကျော်မင်းမောင်က အဝေးကန်ချက်ဖြင့် တိုက်ရိုက်သွင်းယူခဲ့သည့်အတွက် ရန်ကုန်စီးတီးအသင်းက မြဝတီအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်စီးတီးအသင်းသည် ပွဲချိန်အများစုတွင် ပြိုင်ဘက်အသင်းကို ဖိအားပေးထိန်းချုပ်ကစားနိုင်ခဲ့သည့်အပြင် ရရှိလာသည့် ဂိုးသွင်းခွင့်များကိုပါ ထိရောက်စွာ အသုံးချနိုင်ခဲ့သည်။ မြဝတီအသင်းသည် တိုက်စစ်အခွင့်အရေးများကို ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့သည့်အပြင် အမှားများမှတစ်ဆင့် ပေးဂိုးများ ခွင့်ပြုခဲ့ရသည်။

ယနေ့ပွဲစဉ်တွင် ရန်ကုန်စီးတီးအသင်းမှ အသင်းခေါင်းဆောင် အောင်နိုင်ဝင်းက AYA Pay Man Of The Match ဆုကို ရရှိခဲ့သည်။

ပွဲစဉ်(၁၃)အပြီး အမှတ်ပေးဇယားရပ်တည်မှုတွင် ISPE အသင်းက ရမှတ် ၃၂ မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်ကာ ရာသီဝက်ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းနောက်တွင် ဒဂုံစတားယူနိုက်တက်က ၂၈ မှတ်ဖြင့် အဆင့်(၂)၊ ရန်ကုန်ယူနိုက်တက်က ၂၇ မှတ်ဖြင့် အဆင့်(၃)၊ သစ္စာအားမာန်က ၂၄ မှတ်ဖြင့် အဆင့်(၄) ရရှိထားသည်။ Falcon အသင်းနှင့် ရှမ်းယူနိုက်တက်တို့က ၂၂ မှတ်စီ၊ ရတနာပုံအသင်းက ၂၁ မှတ်၊ Galaxy အသင်းက ၁၉ မှတ်နှင့် ရန်ကုန်စီးတီးအသင်းက ၁၈ မှတ် ရရှိထားသည်။

ထို့ပြင် ဟံသာဝတီယူနိုက်တက်အသင်းက ၁၄ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၃ မှတ်၊ စစ်ကိုင်းယူနိုက်တက်အသင်းက ၁၁ မှတ်၊ မြဝတီအသင်းက ခြောက်မှတ်နှင့် Chinland အသင်းက တစ်မှတ်စီ အသီးသီး ရပ်တည်လျက်ရှိသည်။

**နေမျိုး၊ ဓာတ်ပုံ-MNL**

✻ *ကျောဖုံးမှ*

မြန်မာနိုင်ငံ တက်ကွ်ဘော အဖွဲ့ချုပ်သည် လက်ရှိတွင် လက်ရွေးစင်ကစားသမားများကို ကြိုတင်ပြင်ဆင် လေ့ကျင့်မှုများ အချိန်အပြည့်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ယှဉ်ပြိုင်မည့် ပြိုင်ပွဲအမျိုးအစားများအလိုက် ကစားသမားများ၏ နည်းဗျူဟာ၊ ခြေစွမ်း၊ နည်းစနစ်နှင့် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု (Physical Fitness)တို့ကို အဓိကထား၍ လေ့ကျင့်သင်ကြား ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ တက်ကွ်ဘောအဖွဲ့ချုပ်မှ သိရသည်။

ထို့ပြင် ကစားသမားများ၏ ပြိုင်ပွဲအတွေ့အကြုံနှင့် စိတ်ဓာတ်ရေးရာကြံ့ခိုင်မှုများ ပိုမိုရရှိစေရန်အတွက် နည်းပြများက စနစ်တကျ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အကြိမ်(၂၀) မြောက် အာရှအားကစားပြိုင်ပွဲကို ဂျပန်နိုင်ငံ Aichi-Nagoya ၌ စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုး၊ ဓာတ်ပုံ-MTF**

အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# စိမ်းလန်းသော အဆောက်အအုံများ၏ အနာဂတ်

**၂၁ ရာစု၏ အကြီးမားဆုံးသော စိန်ခေါ်မှုများထဲတွင် ရာသီဥတုပြောင်းလဲမှု၊ သယံဇာတရှားပါးလာမှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုတို့ ပါဝင်သည်။ ကမ္ဘာတစ်ဝန်းရှိ ဆောက်လုပ်ရေးနှင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများက ကမ္ဘာ့စွမ်းအင်သုံးစွဲမှု၏ ၃၆ ရာခိုင်နှုန်းနှင့် ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$) ထုတ်လွှတ်မှု၏ ၃၉ ရာခိုင်နှုန်းခန့်ကို တာဝန်ရှိနေပါသည်။ ထို့ကြောင့် ရိုးရာဆောက်လုပ်ရေးနည်းစနစ်များမှသည် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စိမ်းလန်းသော အဆောက်အအုံစနစ်များသို့ ကူးပြောင်းရေးသည် နိုင်ငံတိုင်းအတွက် မဖြစ်မနေလုပ်ဆောင်ရမည့် နိုင်ငံတော်အဆင့် မဟာဗျူဟာတစ်ရပ် ဖြစ်လာပါသည်။**

ဝေဖြိုးအောင်

စိမ်းလန်းသော အဆောက်အအုံဆိုသည်မှာ အဆောက်အအုံတစ်ခု၏ သက်တမ်းတစ်လျှောက်လုံး (ဒီဇိုင်းဆွဲခြင်း၊ တည်ဆောက်ခြင်း၊ လည်ပတ်အသုံးပြုခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ပြန်လည်မွမ်းမံခြင်းမှစ၍ ဖြိုဖျက်ဖယ်ရှားခြင်းအထိ)တွင် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်နှင့် အရင်းအမြစ်များကို အကျိုးရှိဆုံး အသုံးချနိုင်ရန် ရည်ရွယ်တည်ဆောက်ထားသော အဆောက်အအုံ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင်လည်း Smart City အယူအဆများနှင့်အတူ Green Building သဘောတရားများကို စည်ပင်သာယာရေးကော်မတီများ၊ မြို့ပြစီမံကိန်းရေးဆွဲသူများနှင့် အုပ်ချုပ်ရေးယန္တရားများက စတင်အာရုံစိုက်လာပြီဖြစ်သည်။ သို့ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် အားလျော်စွာ Green Building ဟုဆိုလျှင် ငွေကုန်ကြေးကျများပြားသော နိုင်ငံတကာအဆင့်မီနည်းပညာကြီးများကိုသာ အသုံးပြုရမည်ဟု အထင်အမြင်လွဲမှားမှုများ ရှိနေတတ်သည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထား၊ ရာသီဥတုနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများအရ ငွေကြေးအကုန်အကျအနည်းဆုံး (သို့မဟုတ်) လုံးဝငွေမကုန်ဘဲ အသုံးချနိုင်သော အစိမ်းရောင်ဗိသုကာနည်းပညာများ အမြောက်အမြားရှိနေပါသည်။

**Green Building များ၏ အနာဂတ်နှင့် Smart City ပေါင်းစပ်မှု**

အနာဂတ်မြို့ပြအုပ်ချုပ်ရေးတွင် Green Building များက သီးခြားရပ်တည်နေသော အဆောက်အအုံများမဟုတ်တော့ဘဲ Smart City ၏ အဓိကကျသော အစိတ်အပိုင်းများအဖြစ် ပေါင်းစပ်ပါဝင်လာမည်ဖြစ်သည်။ ဒီဂျစ်တယ်နည်းပညာများ တိုးတက်လာသည်နှင့်အမျှ အဆောက်အအုံများသည် လူသားများ၏ လိုအပ်ချက်များကို ကြိုတင်ခန့်မှန်းနိုင်သော Cognitive Buildings များအဖြစ် ပြောင်းလဲလာမည်ဖြစ်သည်။

အနာဂတ် Green Building များ၏ အဓိကဦးတည်ချက်မှာ စွမ်းအင်သုံးစွဲမှုကို အတတ်နိုင်ဆုံးလျှော့ချပြီး လိုအပ်သောစွမ်းအင်ကို မိမိဘာသာ ပြန်လည်ထုတ်လုပ်နိုင်သည့် Net Zero Energy Building များ တည်ဆောက်ရေးဖြစ်သည်။ တစ်နှစ်တာကာလအတွင်း အဆောက်အအုံမှ သုံးစွဲလိုက်သော လျှပ်စစ်စွမ်းအင်ပမာဏနှင့် အဆောက်အအုံမှ (ဥပမာ- ဆိုလာစနစ်ဖြင့်) ပြန်လည်ထုတ်လုပ်ပေးသော စွမ်းအင်ပမာဏညီမျှနေခြင်းကို ဆိုလိုသည်။ ယင်းသည် နိုင်ငံ၏ စွမ်းအင်လုံခြုံရေးနှင့် ဓာတ်အားပေးစနစ်အပေါ် ဝန်ပိမှုများကို လျှော့ချပေးနိုင်သည့်အတွက် အမျိုးသားအဆင့် စီမံခန့်ခွဲမှုများတွင် အထူးအလေးထားရမည့်ကိစ္စရပ်ဖြစ်သည်။

Smart City ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အဆောက်အအုံများအတွင်း Internet of Things (IoT) နည်းပညာများကို အသုံးပြု၍ အပူချိန်၊ အလင်းရောင်နှင့် လေဝင်လေထွက်များကို အလိုအလျောက် ထိန်းချုပ်မည့်စနစ်များ တွင်ကျယ်လာမည်။ စည်ပင်သာယာရေးကော်မတီများအနေဖြင့် အချက်အလက်များကို ဗဟိုထိန်းချုပ်မှုစနစ်များမှတစ်ဆင့် စောင့်ကြည့်လေ့လာကာ မြို့တစ်မြို့လုံး၏ စွမ်းအင်နှင့် ရေသုံးစွဲမှုပုံစံများကို စီမံခန့်ခွဲလာနိုင်မည်ဖြစ်သည်။



Green Building များက သီးခြားရပ်တည်နေသော အဆောက်အအုံများမဟုတ်ဘဲ Smart City ၏ အဓိကကျသော အစိတ်အပိုင်းများအဖြစ် တည်ရှိနေသည်ကို ဤသို့တွေ့ရမည်။

လက်ရှိ Green Building သဘောတရားသည် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်အောင် (Do no harm) သာ အဓိကထားသော်လည်း အနာဂတ်တွင် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ကောင်းမွန်စေမည့် (Regenerative) ပုံစံများသို့ ပြောင်းလဲလာမည်။ ဥပမာ - လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပေးနိုင်သော အဆောက်အအုံမျက်နှာစာများ၊ ညစ်ညမ်းနေသော မြေအောက်ရေကို ပြန်လည်သန့်စင်ပေးနိုင်သော အခြေခံအုတ်မြစ်စနစ်များ ပါဝင်လာမည်ဖြစ်သည်။

**မြန်မာနိုင်ငံအတွက် ငွေမကုန်ဘဲ အသုံးချနိုင်သော Green Concepts များ**

မြန်မာနိုင်ငံကဲ့သို့ အပူပိုင်း မုတ်သုံရာသီဥတုရှိသော ဒေသများတွင် ခေတ်မီစက်ပစ္စည်းများ အသုံးမပြုဘဲ ဗိသုကာဒီဇိုင်းသက်သက်ဖြင့် အပူချိန်နှင့် အလင်းရောင်ကို ထိန်းချုပ်နိုင်သောစနစ်များကို ငွေကြေးမကုန်ကျဘဲ အကောင်အထည်ဖော်နိုင်ပါသည်။ မြို့ပြစီမံကိန်းရေးဆွဲရာတွင် ဤအချက်များကို မူဝါဒအဖြစ် သတ်မှတ်ပေးရန်သာ လိုအပ်ပါသည်။

မည်သည့်နည်းပညာမျှမလို၊ အပိုကုန်ကျစရိတ်မရှိဘဲ အကျိုးသက်ရောက်မှု အကြီးမားဆုံးသော နည်းလမ်းဖြစ်သည်။ အဆောက်အအုံ၏ အရှည်ဆုံးမျက်နှာစာကို မြောက်ဘက်နှင့် တောင်ဘက်သို့ မျက်နှာမူထားခြင်းဖြင့် နံနက်ခင်း အရှေ့ဘက်မှ နေရောင်နှင့် ညနေခင်း အနောက်ဘက်မှ နေပြင်းဒဏ် တိုက်ရိုက်ကျရောက်မှုကို ၈၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်။ အကယ်၍ မြေနေရာအနေအထားအရ အရှေ့နှင့် အနောက်မျက်နှာမူရမည်ဆိုပါက ထိုမျက်နှာစာများတွင် ပြတင်းပေါက်ဖောက်ခြင်းကို အတတ်နိုင်ဆုံးရှောင်ကြဉ်ရန် (သို့မဟုတ်) လှေကား၊ ရေချိုးခန်းနှင့် သိုလှောင်ခန်းများကို ထိုဘက်ခြမ်းတွင် ထားရှိခြင်းဖြင့် လူနေထိုင်သော အခန်းများသို့ အပူကူးစက်မှုကို တားဆီးနိုင်သည်။

လေအေးပေးစက်သုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် လေဝင်လေထွက် ကောင်းမွန်ရန် အလွန်အရေးကြီးသည်။ ပြတင်းပေါက်များကို မျက်နှာချင်းဆိုင် (သို့မဟုတ်) ထောင့်ဖြတ်ဖောက်လုပ်ပေးခြင်းဖြင့် လေပြေများ အလွယ်တကူ ဝင်ထွက်နိုင်စေသည်။ မြန်မာနိုင်ငံ၏ လေတိုက်ခတ်ရာလမ်းကြောင်း (အနောက်တောင်မုတ်သုံလေနှင့် အရှေ့မြောက်လေ) များကို တွက်ချက်၍ ပြတင်းပေါက်များကို နေရာချထားရမည်။ ပူသောလေသည် အပေါ်သို့ တက်သည်ဟူသော သိပ္ပံသဘောတရားကို အသုံးချကာ အဆောက်အအုံ၏ အမိုးပိုင်း သို့မဟုတ် အထက်ပိုင်းတွင် လေထွက်ပေါက်များ ထားရှိပေးခြင်းဖြင့် အခန်းတွင်းရှိလေပူများကို သဘာဝအတိုင်း စုပ်ထုတ်ပေးနိုင်သည်။ မြန်မာ့ရိုးရာအိမ်များရှိ စိန်တောင်များ၊ လေဝင်ပေါက်များသည် ဤသဘောတရားကို အသုံးချထားခြင်းဖြစ်သည်။

**နေရောင်ခြည်ကာကွယ်ခြင်းနှင့် သဘာဝအလင်းရောင်**

မှန်ချပ်များလွန်းသော အဆောက်အအုံများက မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် လုံးဝမကိုက်ညီပါ။ အပူစုပ်ယူမှုများပြားလွန်းသဖြင့် အဲကွန်းပိုမိုအလုပ်လုပ်ရသည်။ နံရံဧရိယာ၏ ၃၀ မှ ၄၀ ရာခိုင်နှုန်းခန့်သာ ပြတင်းပေါက်ထားရှိသင့်သည်။ အမိုးစွန်းများကို ရှည်လျားစွာထုတ်ခြင်း (အနည်းဆုံး ၃ ပေမှ ၄ ပေအထိ)ကြောင့် နွေရာသီမွန်းတည့်ချိန်တွင် နေရောင်ခြည်အိမ်ထဲသို့ တိုက်ရိုက်မဝင်နိုင်အောင် ကာကွယ်ပေးပြီး လုံလောက်သော သဘာဝအလင်းရောင်ကိုမူ ရရှိစေသည်။ ၎င်းသည် လျှပ်စစ်မီးသုံးစွဲမှုကို သိသာစွာ လျှော့ချပေးသည်။

သယ်ယူပို့ဆောင်ရေးစရိတ် သက်သာစေရန်နှင့် ကာဗွန်ခြေရာ လျှော့ချရန် မိမိဒေသတွင် အလွယ်တကူရနိုင်သော ပစ္စည်းများကို အသုံးပြုခြင်းသည် စရိတ်သက်သာသော Green Concept ဖြစ်သည်။ မြေကြီးကို သိပ်သည်းစွာရိုက်၍ နံရံပြုလုပ်ခြင်းသည် အပူဒဏ်ကို အလွန်ကောင်းမွန်စွာ ကာကွယ်ပေးနိုင်ပြီး နေ့ဘက်တွင် အပူကို စုပ်ယူထားကာ ညဘက်တွင် ပြန်လည်ထုတ်လွှတ်ပေးသည့် (Thermal Mass) အကျိုးကျေးဇူးကို ရရှိစေသည်။ ဝါးသည် သံမဏိကဲ့သို့ ဆွဲဆန့်ခံနိုင်ရည်ရှိပြီး အလွန်လျင်မြန်စွာ ပြန်လည်ရှင်သန်နိုင်သော အပင်ဖြစ်သဖြင့် အနာဂတ် Green Building များအတွက် အကောင်းဆုံးသော ဆောက်လုပ်ရေးပစ္စည်း ဖြစ်လာနေသည်။

အဆင့်မြင့် ကွန်ဒိုမီနီယမ်များနှင့် မြို့ပြအိမ်ရာစီမံကိန်းကြီးများ (ဥပမာ - နေပြည်တော်၊ ရန်ကုန်၊ မန္တလေးကဲ့သို့သော မြို့ကြီးများရှိ အိမ်ရာသစ်များ) တွင် နေထိုင်သူများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ရန် သီးသန့်စိမ်းလန်းသော အများပြည်သူနေရာများ ဖန်တီးပေးခြင်းသည် အိမ်ရာ၏တန်ဖိုးကို မြှင့်တင်ပေးရုံသာမက သဘာဝပတ်ဝန်းကျင်ကိုပါ များစွာအကျိုးပြုပါသည်။

မြို့ပြများတွင် ကွန်ကရစ်နှင့် ကတ္တရာလမ်းများပြားမှုကြောင့် ပတ်ဝန်းကျင်ထက် အပူချိန်ပိုမြင့်နေတတ်သည့် Urban Heat Island Effect ကို လျှော့ချရန် လိုအပ်သည်။ အိမ်ရာစီမံကိန်းဧရိယာ၏ အနည်းဆုံး ၂၀ မှ ၃၀ ရာခိုင်နှုန်းကို သစ်ပင်များ၊ ဥယျာဉ်များအတွက် ဖယ်ချန်ထားရမည်။ အရိပ်ကျယ်ပြန့်စွာရသော ဒေသခံအပင်များ (ဥပမာ- ပိတောက်၊ စိန်ပန်း၊ ခရေ၊ မဟော်ဂနီ)ကို စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်အပူချိန်ကို ၂ မှ ၃ ဒီဂရီ ဆဲလ်စီးယပ်စ်အထိ လျှော့ချပေးနိုင်သည်။

**ရေကြီးရေလျှံမှု ကာကွယ်ရေးသည် မြို့ပြအုပ်ချုပ်ရေးတွင် အရေးအကြီးဆုံးသော ကဏ္ဍတစ်ခုဖြစ်သည်။ Sponge City (ရေမြှုပ်ကဲ့သို့ ရေကိုစုပ်ယူနိုင်သောမြို့) အယူအဆကို အိမ်ရာများတွင် ထည့်သွင်းရမည်။ လူသွားလမ်းများနှင့် ကားပါကင်များတွင် ရိုးရိုးကွန်ကရစ်ခင်းခြင်းအစား ရေစိမ့်ဝင်နိုင်သော ဘလောက်တုံးများသုံးခြင်းဖြင့် မိုးရေများကို မြေအောက်ရေကြောထဲသို့ ပြန်လည်စိမ့်ဝင်စေသည်။ အိမ်ရာလမ်းဘေးဝဲယာများတွင် ရေမြောင်းများကို ကွန်ကရစ်များဖြင့် ပိတ်လှောင်မည့်အစား ရေစစ်ထုတ်ပေးနိုင်သော မြေဆီလွှာနှင့် အပင်များ စိုက်ပျိုးထားသောမြောင်းများ ပြုလုပ်ရမည်။ ယင်းသည် မိုးရေစီးဆင်းမှုမှ အညစ်အကြေးများကို သဘာဝအတိုင်း သန့်စင်ပေးပြီး ရေလွှမ်းမိုးမှုကို နှေးကွေးစေသည်။**

**အမိုးပေါ်ဥယျာဉ်များနှင့် ဒေါင်လိုက်စိမ်းလန်းစိုပြည်ရေး**

မြေနေရာရှားပါးသော အဆင့်မြင့်ကွန်ဒိုများတွင် အမိုးပေါ်၌ မြေသားခင်း၍ အပင်များစိုက်ပျိုးခြင်းသည် အဆောက်အအုံအတွင်းသို့ အမိုးမှတစ်ဆင့် အပူဝင်ရောက်မှုကို ကြီးမားစွာ ကာကွယ်ပေးသည်။ အဆောက်အအုံ၏ နံရံများ၊ လသာဆောင်များတွင် ချိတ်ဆွဲအပင်များ စိုက်ပျိုးခြင်းဖြင့် အဆောက်အအုံ၏ အလှအပကို တိုးတက်စေရုံသာမက လေထုအတွင်းရှိ ဖုန်မှုန့်များနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပေးသည်။

စွမ်းအင်စီမံခန့်ခွဲမှုသည် ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးရေးအတွက် အသက်တမျှ အရေးကြီးသည်။ စွမ်းအင်ချွေတာခြင်းသည် လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်ကို သိသာစွာ လျှော့ချနိုင်သော

*စာမျက်နှာ ၁၁ သို့*

**“နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးစနစ်များကို အဆောက်အအုံများ၏ အမိုးပေါ်တွင် တပ်ဆင်ခြင်းသည် မြန်မာနိုင်ငံအတွက် အသင့်တော်ဆုံးဖြစ်သည်။ နေ့လယ်ဘက် အဲကွန်းသုံးစွဲမှုအများဆုံးအချိန်တွင် ဆိုလာမှထွက်ရှိသော လျှပ်စစ်ဖြင့် အစားထိုးနိုင်သဖြင့် လျှပ်စစ်မီတာခကို များစွာသက်သာစေသည်။ အဆင့်မြင့်အိမ်ရာများတွင် အများပြည်သူသုံးနေရာများ (လမ်းမီးများ၊ ဓာတ်လှေကားများ၊ ရေတင်စက်များ)အတွက် လိုအပ်သော လျှပ်စစ်ကို ဆိုလာစနစ်မှ ရယူသင့်သည်”**




## နေ့အပူချိန် မြင့်မားခဲ့သောစခန်းများ၏ ၁၆-၈-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁ | မော်လိုက်မြို့ | ၃၅ ဒသမ ၆ | ၉၆ ဒသမ ၁ |
| ၂ | ကျောက်ဆည်(လွန်ကျော်) | ၃၅ ဒသမ ၀ | ၉၅ ဒသမ ၀ |
| ၃ | ကလေးဝမြို့ | ၃၄ ဒသမ ၄ | ၉၃ ဒသမ ၉ |
| ၄ | စစ်ကိုင်းမြို့ | ၃၄ ဒသမ ၂ | ၉၃ ဒသမ ၆ |
| ၅ | မြင်းမူမြို့ | ၃၄ ဒသမ ၀ | ၉၃ ဒသမ ၂ |
| ၆ | မြစ်ကြီးနားမြို့ | ၃၄ ဒသမ ၀ | ၉၃ ဒသမ ၂ |
| ၇ | ကသာမြို့ | ၃၃ ဒသမ ၈ | ၉၂ ဒသမ ၈ |
| ၈ | မိုးကောင်းမြို့ | ၃၃ ဒသမ ၈ | ၉၂ ဒသမ ၈ |
| ၉ | မန္တလေးမြို့ | ၃၃ ဒသမ ၇ | ၉၂ ဒသမ ၇ |

*စာမျက်နှာ ၁၀ မှ*

အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။

အဆောက်အအုံတစ်ခုလုံးရှိ မီးသီးများကို စွမ်းအင်စားသက်သာသော LED မီးများ အသုံးပြုခြင်းဖြင့် မီးလင်းအားစနစ်အတွက် ကုန်ကျစရိတ် ၈၀ ရာခိုင်နှုန်းအထိ ချွေတာနိုင်သည်။ လူသွားလမ်းများ၊ လှေကားထစ်များနှင့် ကားပါကင်များတွင် လူအသွားအလာရှိမှသာ မီးလင်းစေမည့် Motion Sensors များ တပ်ဆင်ခြင်းနှင့် ပြတင်းပေါက်အနီးရှိ မီးများကို နေ့ခင်းဘက်တွင် အလိုအလျောက် ပိတ်ပေးမည့် Daylight Sensors များ အသုံးပြုခြင်းတို့ဖြစ်ပါသည်။

အဆင့်မြင့်အိမ်ရာများတွင် ရိုးရိုးလေအေးပေးစက်များအစား အခန်းတွင်း အပူချိန်အလိုက် လျှပ်စစ်စားသုံးမှုကို အလိုအလျောက်ချိန်ညှိပေးသော Inverter နည်းပညာသုံးစက်များနှင့် Variable Refrigerant Flow (VRF) စနစ်များကို မဖြစ်မနေ အသုံးပြုရမည်။

နံရံများနှင့် အမိုးများတွင် အပူလျှပ်ကာများ (ဥပမာ – Glass wool, EPS foam, PU foam) ထည့်သွင်းခြင်း၊ ပြတင်းပေါက်များတွင် နေရောင်ခြည်ဒဏ်ခံမှန်များ (Low–E Glass သို့မဟုတ် Double Glazing) အသုံးပြုခြင်းဖြင့် အအေးဓာတ် အပြင်သို့ ဆုံးရှုံးမှုကို ကာကွယ်နိုင်သည်။

**နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးစနစ်များကို အဆောက်အအုံများ၏ အမိုးပေါ်တွင် တပ်ဆင်ခြင်းသည် မြန်မာနိုင်ငံအတွက် အသင့်တော်ဆုံးဖြစ်သည်။ နေ့လယ်ဘက် အဲကွန်းသုံးစွဲမှု အများဆုံးအချိန်တွင် ဆိုလာမှထွက်ရှိသော လျှပ်စစ်ဖြင့် အစားထိုးနိုင်သဖြင့် လျှပ်စစ်မီတာခကို များစွာသက်သာစေသည်။ အဆင့်မြင့်အိမ်ရာများတွင် အများပြည်သူသုံးနေရာများ (လမ်းမီးများ၊ ဓာတ်လှေကားများ၊ ရေတင်စက်များ)အတွက် လိုအပ်သော လျှပ်စစ်ကို ဆိုလာစနစ်မှ ရယူသင့်သည်။**

**စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု**

အိမ်ရာများတွင် အမှိုက်ကို 3R စနစ် (Reduce၊ Reuse ၊ Recycle) နှင့် အရင်းအမြစ်ကတည်းက အမှိုက်ခွဲခြားပစ်နိုင်ရန် အထပ်တိုင်းတွင် စက္ကူ၊ ပလတ်စတစ်၊ ဖန်နှင့် ဆွေးမြည့်လွယ်သော အမှိုက်ဟူ၍ အရောင်ခွဲခြားထားသောသီးသန့်အမှိုက်ပုံးများ ထားရှိပေးရမည်။ မီးဖိုချောင်ထွက် အစားအစာ အကြွင်းအကျန်များနှင့် သစ်ရွက်ခြောက်များကို စည်ပင်အမှိုက်ကားဖြင့် သယ်ဆောင်ခြင်းမပြုဘဲ အိမ်ရာဝင်းအတွင်း၌ပင် အလိုအလျောက်မြေဆွေးပြုလုပ်သည့်စက်များဖြင့် သဘာဝမြေဩဇာအဖြစ် ပြောင်းလဲကာ ဥယျာဉ်များတွင် ပြန်လည်အသုံးပြုရမည်။ Circular Economy (စက်ဝိုင်းပုံ စီးပွားရေးစနစ်)၏ အခြေခံဖြစ်သည်။

ရေချိုးခန်းနှင့် လက်ဆေးဘေစင်များမှ ထွက်လာသော ရေဆိုးများကို အိမ်သာများမှ ထွက်သောရေဆိုးနှင့် မရောနှောဘဲ သီးသန့်ပိုက်လိုင်းဖြင့် စုစည်းရမည်။ ထို့နောက် အိမ်ရာအတွင်းရှိ အသေးစားသန့်စင်စနစ်ဖြင့် သန့်စင်ပြီး အိမ်သာရေဆွဲခြင်းနှင့် ပန်းပင်ရေလောင်းခြင်းများအတွက် ပြန်လည်အသုံးပြုခြင်းဖြင့် ရေချိုသုံးစွဲမှုကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်။ မြန်မာနိုင်ငံသည် မိုးများသောနိုင်ငံဖြစ်သဖြင့် မိုးတွင်းကာလတွင် အမိုးမှကျလာသော မိုးရေများကို ရေကန်ကြီးများဖြင့် စုဆောင်းကာ ရေရှားပါးသော နွေရာသီတွင် အသုံးပြုနိုင်ရန် သို့မဟုတ် မြေအောက်ရေကြောအတွင်းသို့ ပြန်လည်ဖြည့်တင်းရန် ပြင်ဆင်ထားသင့်သည်။ ရေသုံးစွဲမှုနည်းသော အိမ်သာများ၊ လေဖြင့်ရောစပ်ထားသော ရေပန်းခေါင်းများနှင့် ရေချွေတာသော ရေချိုးခေါင်းများကို အသုံးပြုခြင်း ဆောင်ရွက်ထားရှိရမည်ဖြစ်ပါသည်။

**အခြားသော အရေးကြီးသည့် Green Concept များ**

**အဆောက်အအုံအတွင်း လေထုအရည်အသွေး**

လူအများစုသည် မိမိတို့အချိန်၏ ၉၀ ရာခိုင်နှုန်းကို အဆောက်အအုံများအတွင်း ဖြတ်သန်းကြသဖြင့် အတွင်းပိုင်း လေထုသန့်စင်ရေးသည် ကျန်းမာရေးအတွက် လွန်စွာအရေးကြီးပါသည်။ အငွေ့ပြန်လွယ်သော ဓာတုပစ္စည်းပါဝင်မှုနည်းသည့် ဆေးသုတ်ပစ္စည်းများ၊ ကော်များ၊ ကော်ဇောများနှင့် သစ်သားများကို အသုံးပြုခြင်းဖြင့် အခန်းတွင်း လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်သည်။ လူစည်ကားသော အခန်းများတွင် ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏကို တိုင်းတာ၍ လေထုညစ်ညမ်းလာပါက အပြင်မှ လေသစ်ကို အလိုအလျောက်သွင်းပေးမည့် စနစ်များ တပ်ဆင်ခြင်းတို့ဖြစ်သည်။

ဆောက်လုပ်ရေးပစ္စည်းများ ရွေးချယ်ရာတွင် ပစ္စည်းထုတ်လုပ်စဉ်ကတည်းက ကာဗွန်ထုတ်လွှတ်မှု မည်မျှရှိခဲ့သည်ကိုပါ ထည့်သွင်းတွက်ချက်သည့်စနစ်ဖြစ်သည်။ ဥပမာ – သံမဏိနှင့် ဘိလပ်မြေသည် Embodied Carbon အလွန်မြင့်မားသဖြင့် အစားထိုးပစ္စည်းများ သို့မဟုတ် ပြန်လည်အသုံးပြုထားသော ပစ္စည်းများကို ဦးစားပေးရွေးချယ်ခြင်းဖြစ်သည်။

Green Building များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးသည် စည်ပင်သာယာရေးကော်မတီများနှင့် မြို့ပြအုပ်ချုပ်သူများ၏ မူဝါဒပိုင်းဆိုင်ရာ ပံ့ပိုးမှုအပေါ်တွင် မူတည်နေပါသည်။ ရေတိုစီမံကိန်းများမှသည် ရေရှည်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာများအထိ ဤအယူအဆများကို ထည့်သွင်းပေါင်းစပ်ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိတည်ဆောက်ရေးဆိုင်ရာ စည်းမျဉ်းများတွင် Green Building ဆိုင်ရာ အခန်းများကို ပိုမိုတိကျစွာပြဋ္ဌာန်းရန် လိုအပ်သည်။ ဥပမာ– အထပ်မြင့်အဆောက်အအုံသစ်များ ဆောက်လုပ်ခွင့်ပြုရာတွင် အနည်းဆုံးရရှိရမည့် စွမ်းအင်ချွေတာမှုရာခိုင်နှုန်း၊ ပါဝင်ရမည့် Green Space ဧရိယာများကို မဖြစ်မနေ ထည့်သွင်းသတ်မှတ်ရမည်။

**မက်လုံးပေးစနစ်များ**

အပြစ်ပေးအရေးယူခြင်းထက် မက်လုံးပေးဆွဲဆောင်ခြင်းက ပိုမိုထိရောက်ပါသည်။ Green Building စံနှုန်းများနှင့်ကိုက်ညီအောင် တည်ဆောက်သော Developer များကို မူလခွင့်ပြုထားသော အဆောက်အအုံအထပ်အရေအတွက် သို့မဟုတ် ဧရိယာထက် ပိုမိုဆောက်လုပ်ခွင့်ပေးခြင်း။ (ဥပမာ– စင်ကာပူ BCA Green Mark တွင် ကျင့်သုံးသော စနစ်နှင့် အစိမ်းရောင်နည်းပညာသုံးပစ္စည်းများ (ဆိုလာပြား၊ စွမ်းအင်ချွေတာရေးစက်ပစ္စည်းများ) တင်သွင်းရာတွင် အခွန်လျှော့ပေါ့ပေးခြင်း)တို့ဖြစ်ပါသည်။ Green Building အဖြစ် လျှောက်ထားသော ပရောဂျက်များကို ဆောက်လုပ်ခွင့်ပါမစ်ချထားပေးရာတွင် အမြန်လမ်းကြောင်း (Green Lane) ဖြင့် ဆောင်ရွက်ပေးခြင်းတို့ဖြစ်သည်။


အဆင့်မြင့်အိမ်ရာစီမံကိန်းများတွင် သီးသန့်စိမ်းလန်းသော အများပြည်သူနေရာများ တည်ဆောက်ပေးထားမှုကို တွေ့ရစဉ်။

စိမ်းလန်းသောအဆောက်အအုံများ၏ အနာဂတ်သည် ရွေးချယ်စရာ လမ်းစဉ်တစ်ခုမဟုတ်တော့ဘဲ မဖြစ်မနေလျှောက်လှမ်းရမည့် မဟာဗျူဟာမြောက် လမ်းကြောင်းတစ်ခုဖြစ်လာပြီဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာမှု၊ သယံဇာတရှားပါးလာမှုနှင့် စွမ်းအင်ဈေးနှုန်း မြင့်တက်လာမှုများကြောင့် မြို့ပြတည်ဆောက်ရေးနည်းစနစ်များကို အမြန်ဆုံးပြောင်းလဲကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမှ ဈေးကြီးသော နည်းပညာများကို တိုက်ရိုက်ကူးယူခြင်းထက် မိမိတို့၏ ရာသီဥတု၊ ဒေသတွင်းပစ္စည်းများနှင့် ကိုက်ညီသော Passive Design များကို ငွေကြေးမကုန်ကျဘဲ စနစ်တကျအသုံးချရန် အထူးအရေးကြီးပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အဆောက်အအုံများ၏ မျက်နှာမူရာကို မှန်ကန်စွာရွေးချယ်ခြင်း၊ သဘာဝလေဝင်လေထွက်နှင့် အလင်းရောင်ကို အသုံးချခြင်းတို့သည် အလွန်ရိုးရှင်းသော်လည်း အထိရောက်ဆုံးသော နည်းလမ်းများဖြစ်သည်။ အဆင့်မြင့်အိမ်ရာများတွင်လည်း အစိမ်းရောင်နယ်မြေများ၊ စွမ်းအင်ချွေတာရေးနည်းပညာများနှင့် စွန့်ပစ်ပစ္စည်း ပြန်လည်အသုံးချရေးစနစ်များကို စနစ်တကျပေါင်းစပ်ထည့်သွင်းခြင်းအားဖြင့် သန့်ရှင်းသပ်ရပ်ပြီး ရေရှည်တည်တံ့သော မြို့ပြများကို တည်ဆောက်နိုင်မည်ဖြစ်သည်။ မြို့ပြအုပ်ချုပ်ရေးနှင့် စည်ပင်သာယာရေးကဏ္ဍတွင် တာဝန်ရှိသူများအနေဖြင့် အဆောက်အအုံဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အဆင့်မြှင့်တင်ခြင်း၊ မက်လုံးပေးစနစ်များ ဖန်တီးပေးခြင်းနှင့် အများပြည်သူအား အသိပညာပေးခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်သွားရန် လိုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် Green Building သဘောတရားများကို လက်တွေ့အကောင်အထည်ဖော်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာ ရောက်ရုံသာမက နိုင်ငံ၏ စွမ်းအင်လုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ ကျန်းမာရေးနှင့် လူနေမှုဘဝအဆင့်အတန်းကိုပါ များစွာမြှင့်တင်ပေးနိုင်မည့် မရှိမဖြစ်လိုအပ်သော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**မှီငြမ်းကိုးကားစာရင်း**


၁။ World Green Building Council (WGBC)– Global Status Report for Buildings and Construction.

၂။ International Finance Corporation (IFC)– EDGE (Excellence in Design for Greater Efficiencies) Standards.

၃။ Leadership in Energy and Environmental Design (LEED) V4.1 Guidelines by USGBC.

၄။ Building and Construction Authority (BCA) Singapore – Green Mark Certification Scheme.

၅။ ASEAN Green Building Codes and Energy Efficiency Guidelines.

၆။ Myanmar National Building Code (MNBC) – Energy Efficiency and Sustainability Chapters.

၇။ Principles of Sustainable Urban Governance and Smart City Frameworks.

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၁၆**

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်၌ပြုလုပ်ရာ လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာကြားကြသည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး သိန်းထူး၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ် မျိုးအောင်လတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးများအား လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်နှင့် ဆရာတော် သံဃာတော်များထံ စစ်ရေးချုပ်မှဦးဆောင်၍ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် လယ်ဝေးမြို့ မြို့ဦးတိုက်သစ် သံလမ်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားအား ရုပ်သိမ်းသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၇ ကျောင်း၊ သီလရှင်ကျောင်း ၅ ကျောင်းနှင့် ကရုဏာကမ္မာဘိုးဘွားရိပ်သာတို့အတွက် လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၂၈၂ သိန်း ၃ သောင်း ၇ ထောင်ကျပ်၊ ဆန် ၇၀၇ အိတ်၊ ဆီ ၂၁၀ ပိဿာ ၃၀ ကျပ်သား၊ နိုင်ငံခြားဆေးမျိုးစုံ နှစ်ခြင်း၊ ဘားမားကော်ဖီ ငါးဖာ၊ Shark အချိုရည်တစ်ဖာတို့အား လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လှိုင်ကော်မြို့၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**လှိုင်ကော် ဩဂုတ် ၁၆**

ကယားပြည်နယ် လှိုင်ကော်မြို့ ဒေါ်နိုးကူးရပ်ကွက်၊ နမ့်ကွတ်ရပ်ကွက်၊ နောင်ယား (ခ) ရပ်ကွက်တို့တွင် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများပူးပေါင်းပြီး ယမန်နေ့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ပြည်နယ်ဝန်ကြီးများနှင့် အတူ သွားရောက်ကြည့်ရှု အားပေးသည်။ **(အပေါ်ပုံ)**

**ကြည့်ရှုစစ်ဆေး**

ထို့ပြင် ဒေါ်နိုးကူးရပ်ကွက်နှင့် နမ့်ကွတ်ရပ်ကွက်ရှိ အနိမ့်ပိုင်းရေဝပ်ဧရိယာများတွင် ရေပြန်လည်ကျဆင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းမကြီးတွင်သာမက လမ်းသွယ်များတွင်လည်း သန့်ရှင်းရေးဆောင်ရွက်ရန်၊ ရပ်ကွက်နေပြည်သူများအနေဖြင့်လည်း မိမိတို့နေအိမ်ဝန်းကျင် သန့်ရှင်းသာယာရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့အတူ နမ့်ကွတ်ရပ်ကွက်ရှိ မင်းကျောင်းကန် အမှတ်(၄)နှင့် အမှတ်(၅)တို့တွင် ရေသိုလှောင်ထားရှိမှုနှင့် ရေပိုလွှဲဆောင်ရွက်ထားမှုတို့ကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဩဂုတ် ၁၆**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စံပယ်ပန်းကုံးများ၊ အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ



# မိတ္ထီလာမြို့နယ်ရှိ ရိုးကန် - ကန်သာလမ်း ကတ္တရာလမ်းချဲ့ခြင်းဆောင်ရွက်

**မိတ္ထီလာ ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်း ကတ္တရာချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ မိတ္ထီလာခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသိန်းဝင်း၊ မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ)တို့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၃၁၄ ဒသမ ၅၈၀ ဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်းအကျယ် ၀ ဒသမ ၈၆ ကီလိုမီတာရှိ ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်**
**(မိတ္ထီလာ)**

## လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

## တစ်ပတ်တာ ဖတ်စရာ

# မြန်မာရေးရာ

**ဩဂုတ် ၉ ရက်**

### နိုင်ငံတော်သမ္မတ ရေဘေးသင့်ဒေသများ၌ ကြည့်ရှုအားပေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် လေးမျက်နှာမြို့နယ်ရှိ ရေဘေးသင့်ဒေသများနှင့် တာတမံနိမ့်ကျမှု ဖြစ်ပေါ်ခဲ့သည့်နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့သည်။

### ကျိုင်းတုံ၌ ကျန်းမာရေးကွင်းဆင်းဆေးကုသ

ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့က ဩဂုတ် ၈ ရက်နှင့် ၉ ရက်တို့တွင် ကျိုင်းတုံမြို့၌ ဒေသခံပြည်သူ ၁၂၅၉ ဦးအား အထူးဆေးကုသမှုများပေးခဲ့ပြီး လိုအပ်သူများကို သက်ဆိုင်ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသပေးခဲ့သည်။

**ဩဂုတ် ၁၀ ရက်**

### ကျောင်းကျန်းမာရေး အရှိန်မြှင့်တင်ရန် နိုင်ငံတော်သမ္မတမှာကြား

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်ရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုပုံစံများ ငယ်စဉ်ကတည်းကရရှိစေရေး လေ့ကျင့်ပေးရန် နေပြည်တော်၌ကျင်းပသည့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအခမ်းအနား၌ မှာကြားခဲ့သည်။

### ပုဂံတွင် ပြည်ပဓာတ်ပုံပညာရှင်များ မှတ်တမ်းရိုက်ကူး

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ထိုင်းနှင့် မလေးရှားနိုင်ငံမှ ကမ္ဘာလှည့်ခရီးသွား ဓာတ်ပုံပညာရှင် ၁၂ ဦးက မြန်မာ့ကျေးလက်သဘာဝနှင့် တောင်သူလယ်သမားများ၏ ရိုးရာလယ်ယာလုပ်ငန်းများကို မှတ်တမ်းဓာတ်ပုံ ရိုက်ကူးလျက်ရှိသည်။

**ဩဂုတ် ၁၁ ရက်**

### ၂၀၂၆ ခုနှစ်အတွင်း အယ်လ်နီညို အားကောင်းလာနိုင်

အီကွေတာအနီး အပူပိုင်းပစိဖိတ်သမုဒ္ဒရာတွင် အယ်လ်နီညိုအခြေအနေ ဆက်လက်ဖြစ်ပေါ်နေပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသည့်အခြေအနေသို့ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားသဖြင့် မိုးရွာသွန်းမှုမမှန်ခြင်း၊ အပူချိန်မြင့်မားခြင်းနှင့် မိုးခေါင်ရေရှားခြင်းတို့အတွက် ကြိုတင်ပြင်ဆင်ထားရန် အသိပေးထားသည်။

**ဩဂုတ် ၁၂ ရက်**

### လူငယ်များ နိုင်ငံတော်ဖွံ့ဖြိုးရေးတွင် တက်ကြွစွာပါဝင်ရန်လို

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားတွင် လူငယ်များအနေဖြင့် ခေတ်မီနည်းပညာများကို ကျွမ်းကျင်စွာအသုံးချပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

### စစ်မှုထမ်းကာလပြည့်မြောက်သူများအား ဂုဏ်ပြု

အမှတ်စဉ် (၄/၂၀၂၄) မှ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအား တိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ပြီး ဆက်လက်အမှုထမ်းခြင်းနှင့် အလုပ်အကိုင်ရရှိရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

**ဩဂုတ် ၁၃ ရက်**

### ရတနာပုံအသင်း ဘရာဇီးလ်တိုက်စစ်မှူး ခေါ်ယူ

မြန်မာနေရှင်နယ်လိဂ်ကလပ် ရတနာပုံအသင်းသည် လာမည့်ရာသီတွင် တိုက်စစ်ပိုင်း အားကောင်းစေရန် ဘရာဇီးလ်နိုင်ငံသား အသက် ၂၄ နှစ်အရွယ် တိုက်စစ်မှူး နက်တိုအား ခေါ်ယူစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

**ဩဂုတ် ၁၄ ရက်**

### ရခိုင်မှနေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာထုတ်ပြန်

မြန်မာနိုင်ငံက ရခိုင်ပြည်နယ်တွင် အမှန်တကယ်နေထိုင်ခဲ့ကြောင်း စိစစ်တွေ့ရှိသူများကို လုံခြုံ၊ ဂုဏ်သိက္ခာရှိစွာနှင့် ဆန္ဒအလျောက် ပြန်လည်လက်ခံနိုင်ရေး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ ရခိုင်ပြည်နယ်၏ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာပါက စိစစ်ပြီးသူများအနက် ရခိုင်ပြည်နယ်၌ နေထိုင်ခဲ့ကြောင်း အထောက်အထားရှိသူများကို ညှိနှိုင်း၍ ပြန်လည်လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**ဩဂုတ် ၁၅ ရက်**

### ပြည်သူ့စစ်မှုထမ်းပြန်များကို ပြည်သူများက ဂုဏ်ပြုကြိုဆို

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၄/၂၀၂၄)မှ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီး နေရပ်အသီးသီးသို့ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းများကို မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

# ကမ္ဘာရေးရာ

### အီရတ်နှင့် ပြင်သစ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

အီရတ်ဝန်ကြီးချုပ် အလီ အယ်လ်-ဇိုင်ဒီနှင့် ပြင်သစ်သမ္မတ အီမန်နျူယယ် မက်ခရွန်တို့ ဖုန်းဖြင့် ဆွေးနွေးရာ နှစ်နိုင်ငံစီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသတွင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး ပြင်သစ်သမ္မတအား အီရတ်နိုင်ငံသို့ လာရောက်ရန် ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။

### ရာသီဥတုဒဏ်ခံနိုင်သည့် သီးနှံမျိုးစိတ်ထုတ်လုပ်ရန် လမ်းစတွေ့ရှိ

ရုရှားသုတေသီများက အပင်များ၏ ပတ်ဝန်းကျင်အခြေအနေကို လိုက်လျောညီထွေတုံ့ပြန်နိုင်စွမ်းနှင့် ဆက်စပ်သည့် ROS လုပ်ဆောင်ချက်ကို ဖော်ထုတ်တွေ့ရှိခဲ့ပြီး ယင်းတွေ့ရှိချက်သည် ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်သည့် သီးနှံမျိုးစိတ်များ ဖော်ထုတ်ခြင်းဖြင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကို အထောက်အကူပြုနိုင်ကြောင်း သိရသည်။

### ဗီယက်နမ်တွင် လုပ်သား ၁၀ သန်းအား AI လေ့ကျင့်ပေးမည်

ဗီယက်နမ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်အထိ လုပ်သား ၁၀ သန်းခန့်ကို အခြေခံအေအိုင်ကျွမ်းကျင်မှုများ လေ့ကျင့်ပေးပြီး အေအိုင်အထူးကျွမ်းကျင်သူနှင့် အရည်အချင်းပြည့်မီသည့် လုပ်သား ၁၀၀၀၀ ကို မွေးထုတ်ပေးရန် အမျိုးသားအဆင့်အစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

### ဂျပန်က မိချိဘိခ် အမှတ် (၇) ဂြိုဟ်တု အောင်မြင်စွာ လွှတ်တင်

ဂျပန်နိုင်ငံသည် မိချိဘိခ် အမှတ် (၇) GPS ဂြိုဟ်တုကို H3 ဒုံးပျံဖြင့် အောင်မြင်စွာ လွှတ်တင်ခဲ့ပြီး ယင်းဂြိုဟ်တုသည် တည်နေရာပြ အချက်အလက်နှင့် လျှော်သတိပေးချက်များ ပေးပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

### ကိုလံဘီယာ၌ ငလျင်ကြောင့် သေဆုံးသူ ၂၆၅ ဦးရှိလာ

ကိုလံဘီယာနိုင်ငံ၌ ဩဂုတ် ၁၀ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် သေဆုံးသူ ၂၆၅ ဦး၊ ဒဏ်ရာရသူ ၃၄၉၄ ဦးနှင့် ပျောက်ဆုံးသူ ၄၉၆ ဦး ရှိလာပြီး အစိုးရက ကယ်ဆယ်ရေးနှင့် ပျောက်ဆုံးသူများ ရှာဖွေရေး လုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ဂျပန် နာရီတာလေဆိပ်တွင် ခရီးသည် ခုနစ်ထောင်သောင်တင်

ဂျပန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရထားနှင့် ဘတ်စ်ကားဝန်ဆောင်မှုများ ယာယီရပ်နားခဲ့သဖြင့် ခရီးသည် ၇၀၀၀ ခန့် နာရီတာလေဆိပ်တွင် တစ်ညလုံး သောင်တင်စောင့်ဆိုင်းခဲ့ရပြီး ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ ပြန်လည်စတင်ခဲ့ကြောင်း သိရသည်။

### အင်ဒိုနီးရှားငလျင် သေဆုံးသူ ၄၇ ဦးရှိလာ

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ဖလောရက်စ်ကျွန်းကမ်းလွန်တွင် ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး သေဆုံးသူ ၄၇ ဦးထက်မနည်းရှိလာကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

■

## မိုင်းဆတ်မြို့၌ သမဝါယမအရပ်ရပ်ဆိုင်ရာစည်းဝေး



**မိုင်းဆတ် ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ မောရွှေစင်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် သင်းလုံးကျွတ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ရွေးချယ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာန ရုံး၌ ကျင်းပရာ မောရွှေစင် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမ အသင်းလီမိတက် အသင်းဥက္ကဋ္ဌ သဘာပတိ ဒေါ်တင်တင်အေးနှင့် မြို့နယ်သမဝါယမ ဦးစီးမှူး ဒေါ်သူဇာခင်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် အသင်းသားများအား စုဆောင်းငွေအပေါ် အတိုးထုတ်ပေးခြင်းနှင့် အမှုဆောင်အဖွဲ့ ရွေးချယ်အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ယဉ်ယဉ်ဝင်း(မိုင်းဆတ်)**

## ညောင်ဦးမြို့၌ ဒေသမျိုး(ဖီးကြမ်း)ငှက်ပျောပင်များ စုပေါင်းစိုက်ပျိုး



**ညောင်ဦး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း(တက်သိမ်း) ကျောင်းဝင်းအတွင်း၌ ဒေသမျိုး(ဖီးကြမ်း) ငှက်ပျောပင်များ စုပေါင်းစိုက်ပျိုးပွဲကို ဩဂုတ် ၁၅ ရက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညို၊ ခရိုင်ပညာရေးမှူး ဦးကျော်ဝင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသမျိုးရင်း(ဖီးကြမ်း) ငှက်ပျောပင် ၄၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။

**ဒီပါလင်း**



မွန်ပြည်နယ် ဘီးလင်းမြို့နယ် အထက (ကန်သာယာ) ကျောင်း မဟော်သဓာခန်းမ၌ မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၅ ရက်က ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်လင်းဦး မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောစဉ်။ မြို့နယ်(ပြန်/ဆက်)

နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊
တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်
အခုချိန်စိုက် နောက်မကျ၊
ဒုတိယအကြိမ် အကောင်းဆုံးပ။

## ကိုင်ရိုမြို့၌ ဟားမားစ်ကိုယ်စားလှယ်အဖွဲ့နှင့် အီဂျစ်ထောက်လှမ်းရေးအကြီးအကဲ တွေ့ဆုံဆွေးနွေး

**ကိုင်ရို ဩဂုတ် ၁၆**

ပါလက်စတိုင်း ဟားမားစ်လှုပ်ရှားမှုအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့သည် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ရောက်ရှိလာပြီး အီဂျစ်ထောက်လှမ်းရေးအကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ဆော်ဒီအာရေဗျနိုင်ငံ၏ Al-Hadath ရုပ်သံလိုင်းက ဟားမားစ်အဖွဲ့၏ သတင်းအရင်းအမြစ်ကို ကိုးကား၍ ဩဂုတ် ၁၆ ရက်တွင် ဖော်ပြထားသည်။

ဟားမားစ်အဖွဲ့၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် ခါလစ်အယ်ဟေယာ ဦးဆောင်သော ဟားမားစ်ကိုယ်စားလှယ်အဖွဲ့သည် ကိုင်ရိုမြို့သို့ ရောက်ရှိနေပြီး ယခုအခါ အီဂျစ်ထောက်လှမ်းရေးအကြီးအကဲ ဟာဆန်ရာရှဒ်နှင့် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

ဟားမားစ်အဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသအတွက် ငြိမ်းချမ်းရေးဘုတ်အဖွဲ့၏ အစီအစဉ်ကို အစ္စရေးဘက်က လိုက်နာဆောင်ရွက်လာစေရေးနှင့်ပတ်သက်၍ ဆွေးနွေးနေကြောင်း Asharq ရုပ်သံလိုင်းတွင် ဖော်ပြထားသည်။ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဂါဇာအတွက် ငြိမ်းချမ်းရေးဘုတ်အဖွဲ့၏ အချက် ၁၅ ချက်ပါ အစီအစဉ်ကို ငြင်းပယ်ကြောင်းနှင့် ဟားမားစ်အဖွဲ့အနေဖြင့် လက်နက်များကို အလုံးစုံဖျက်သိမ်းခြင်းမပြုမချင်း ဂါဇာမှ အစ္စရေးတပ်ဖွဲ့ဝင်များ ထွက်ခွာသွားမည်မဟုတ်ကြောင်း ဩဂုတ် ၉ ရက်တွင် ပြောကြားထားသည်။

ဂါဇာကမ်းမြောင်တွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်၏ နောက်ဆက်တွဲအဆင့်များကို အကောင်အထည်ဖော်ရန် လမ်းပြမြေပုံကို ဟားမားစ်အဖွဲ့က သဘောတူကြောင်း ဇူလိုင်လနှောင်းပိုင်းတွင် ကြေညာထားသည်။

**စပွတ်နစ်ခ်**

## ဘတ်စ်ကားတိမ်းမှောက်မှုကြောင့် ပိုလန်ကယ်ဆယ်ရေးလေယာဉ် ဟန်ဂေရီနိုင်ငံသို့စေလွှတ်

**ဝါဆော ဩဂုတ် ၁၆**

ပိုလန်နိုင်ငံသားများကို တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားကာ ၁၂ ဦး သေဆုံးပြီး ၁၀ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီးနောက် ပိုလန်နိုင်ငံက အရေးပေါ်ကယ်ဆယ်ရေးလေယာဉ်တစ်စင်း စေလွှတ်သွားမည်ဟု ဝန်ကြီးချုပ် ဒေါ်နယ်တက်စ်က ဩဂုတ် ၁၆ ရက်တွင် ပြောသည်။



ပိုလန်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ဆေးဘက်ဝန်ထမ်းများ လိုက်ပါလာမည့် အဆိုပါလေယာဉ်ကို ဟန်ဂေရီနိုင်ငံသို့ စေလွှတ်သွားမည်ဟု ဝန်ကြီးချုပ်က ပြောသည်။

ထိခိုက်ခံစားခဲ့ရသူ အားလုံးအနေဖြင့် လိုအပ်သည့် ဆေးဘက်ဆိုင်ရာနှင့် ကောင်စစ်ဝန်ရုံးဆိုင်ရာ အကူအညီများကို ရရှိမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အဆိုပါ ဘတ်စ်ကားသည် ခရီးသည် ၅၇ ဦးနှင့် ယာဉ်မောင်းနှစ်ဦးကို တင်ဆောင်လာကြောင်း သိရသည်။

တနင်္ဂနွေနေ့ အစောပိုင်းတွင် ဟန်ဂေရီနိုင်ငံအရှေ့ပိုင်းရှိ မီဇော့ကီရက်စ်စကီမြို့အနီး M3 အမြန်လမ်းမပေါ်၌ ယာဉ်တိမ်းမှောက်ခဲ့ပြီး လမ်းဘေးမြောင်းအတွင်း ရုပ်တန့်သွားခဲ့သည်။

အဆိုပါယာဉ်သည် မတော်တဆမှုဖြစ်ပွားချိန်တွင် ဟန်ဂေရီနိုင်ငံအရှေ့မြောက်ပိုင်းရှိ နီရက်ဂျာဟာဇာမြို့သို့ ဦးတည်မောင်းနှင်နေခြင်းဖြစ်သည်။ **ဆင်ဟွာ**

## ဘယ်လ်ဂျီယံနိုင်ငံ၌ ဟက်တာ ၃၀၀၀ ခန့်အထိ စံချိန်တင် တောမီးလောင်ကျွမ်း

**ဘရပ်ဆဲလ် ဩဂုတ် ၁၆**

ဘယ်လ်ဂျီယံနိုင်ငံ အရှေ့ပိုင်းတွင် စံချိန်တင်တောမီးလောင်မှု ဖြစ်ပွားလျက်ရှိပြီး ဩဂုတ် ၁၆ ရက် နံနက်ပိုင်းအထိ ဟိုက်ဖန်းစ်ဒေသတွင် ဟက်တာ ၃၀၀၀ ခန့် တောမီးလောင်ကာ ဒေသခံ ၆၀၀ ဝန်းကျင်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များနှင့် မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

မီးလောင်မှုမှာ ဆက်လက်ကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် တောမီးလောင်မှု ဧရိယာမှာ ဩဂုတ် ၁၅ ရက် အစောပိုင်းတွင် ဟက်တာ ၁၆၀၀ ဝန်းကျင်ရှိရာမှ ပိုမိုကျယ်ပြန့်လာခြင်းဖြစ်ကြောင်း လီယက်ဂ်ခရိုင် အုပ်ချုပ်ရေးမှူးရုံးက ပြောသည်။ ယင်းတောမီးသည် ဘယ်လ်ဂျီယံနိုင်ငံသမိုင်းတစ်လျှောက် အကြီးမားဆုံး တောမီးလောင်မှုဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက အတည်ပြုထားသည်။

ဥရောပ တောမီးသတင်း အချက်အလက်စနစ်အရ ၂၀၁၁ ခုနှစ်တွင် လောင်ခဲ့သော တောမီးမှာ ဟက်တာ ၁၄၀၀ နီးပါး လောင်ခဲ့ကြောင်း သိရသည်။ ဂျာမနီနှင့်နယ်စပ်အနီး ဟိုက်ဖန်းစ်သဘာဝထိန်းသိမ်းရေး နယ်မြေတွင် ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီဝန်းကျင်က အဆိုပါတောမီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

လေတိုက်နှုန်းနှင့် လေတိုက်ရာ အရပ်ပြောင်းလဲမှုများ၊ မီးခိုးထူထပ်မှုများကြောင့် အနီးဝန်းကျင်ဒေသများကို ခြိမ်းခြောက်လာသောကြောင့် ဒေသခံ ၆၀၀ ဝန်းကျင်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ အဆိုပါဒေသတွင် တည်းခိုနေထိုင်ကြသည့် ခရီးသွားများကိုလည်း ဘေးလွတ်ရာသို့ တိမ်းရှောင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ ဘယ်လ်ဂျီယံနိုင်ငံမှ မီးသတ်သမားများအပြင် အိမ်နီးချင်း ဂျာမနီနှင့် လူဇင်ဘတ်နိုင်ငံတို့မှ မီးသတ်သမားများပါ မီးငြိမ်းသတ်ရေးလုပ်ငန်းတွင် ပါဝင်လာကြကြောင်း သိရသည်။ **ဆင်ဟွာ**



## အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ ပိုလီယိုရောဂါဖြစ်ပွားသူ ခြောက်ဦးထပ်မံတွေ့ရှိ

**ကဘူးလ် ဩဂုတ် ၁၆**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် လွန်ခဲ့သည့်လအတွင်း ပိုလီယိုဗိုင်းရပ်စ် ကူးစက်ခံရသူ ခြောက်ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု ကျန်းမာရေး အာဏာပိုင်များက ပြောသည်။ ယင်းဖြစ်ရပ်သည် ကမ္ဘာပေါ်တွင် ပိုလီယိုရောဂါကျန်ရှိနေသေးသည့် အာဖဂန်နစ္စတန်နိုင်ငံတွင် ရောဂါပပျောက်ရေးဆိုင်ရာ စိန်ခေါ်မှုများကို ပြသနေသည်။

ဘာတီကော့၊ ဘက်ဆက်၊ ရိုဒက်၊ ဂျာလာလာဘတ်နှင့် ချာပါဖာခရိုင်တို့တွင် ပိုလီယိုဗိုင်းရပ်စ်ကူးစက်မှုများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကူနာပြည်နယ်တွင်လည်း ကူးစက်မှုတစ်ခုတွေ့ရှိခဲ့သည်ဟု နန်ဂါဟာပြည်နယ် ကျန်းမာရေးဌာန အကြီးအကဲ မော်လဝီ အမီနူလာ ရှာအစ်ဖ်က ဩဂုတ် ၁၆ ရက်တွင် ပြောသည်။

**ဆင်ဟွာ**

## နီပေါနိုင်ငံ အနောက်ပိုင်း၌ မြေပြိုမှုကြောင့် လေးဦးသေဆုံး

**ခတ္တမန္ဒူ ဩဂုတ် ၁၆**

နီပေါနိုင်ငံ အနောက်ပိုင်း ဂျာဂျာကော့ခရိုင်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု နီပေါနိုင်ငံ တပ်မတော်က ဩဂုတ် ၁၆ ရက်တွင် ပြောသည်။

ဩဂုတ် ၁၅ ရက်က ဖြစ်ပွားခဲ့သည့် မြေပြိုမှုအတွင်း နေအိမ်နှစ်လုံးပါသွားပြီး သုံးလုံးပျက်စီးသွားခဲ့သည်ဟုသိရသည်။ လူပေါင်း ၃၀၀ ဝန်းကျင်ကို အန္တရာယ်များသည့်နေရာမှ လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့ပေးခဲ့ရသည်ဟု ကြေညာချက်ထုတ်ပြန်ထားသည်။

နီပေါနိုင်ငံ၌ နှစ်စဉ်မိုးရာသီ၌ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မြေပြိုမှုနှင့်ရေကြီးမှုများ မကြာခဏဖြစ်ပွားကာ လူ့အသက်ဆုံးရှုံးမှုများနှင့် ပစ္စည်းဥစ္စာပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လေ့ရှိသည်။

**ဆင်ဟွာ**

## တရားမဝင်စီးကရက် ဒေါ်လာသုံးသိန်းကျော်ဖိုး ဖိလစ်ပိုင်ရဲတပ်ဖွဲ့ သိမ်းဆည်းရမိ

**မနီလာ ဩဂုတ် ၁၆**

ဖိလစ်ပိုင်ရဲတပ်ဖွဲ့သည် နိုင်ငံအလယ်ပိုင်း စီပါလိုင်မြို့၌ ဩဂုတ် ၁၅ ရက်က လူခုနစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး ခန့်မှန်းခြေ ပီဆို ၂၁ သန်း (အမေရိကန်ဒေါ်လာ ၃၄၁၈၂၀ ခန့်) တန်ဖိုးရှိတရားမဝင်စီးကရက်များကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ (PNP) က ထုတ်ပြန်ထားသည်။

PNP ရေကြောင်းသွားလာမှုဆိုင်ရာအဖွဲ့က စက်တပ်ရေယာဉ်တစ်စင်းပေါ်မှ သံသယရှိသူများကို ကြားဖြတ်တားဆီးစစ်ဆေးခဲ့ရာ တရားမဝင်စီးကရက် သေတ္တာကြီး ၅၂၅ လုံးကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ကိုလံဘီယာနိုင်ငံ၌ ငလျင်ကြောင့် သေဆုံးသူ ၂၉၄ ဦးအထိ တိုးလာ

**ဘိုဂိုတာ ဩဂုတ် ၁၆**

ကိုလံဘီယာနိုင်ငံ၌ မကြာသေးမီက လှုပ်ခတ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၄ အဆင့်ရှိ ငလျင်ကြောင့် သေဆုံးသူပေါင်း ၂၉၄ ဦးအထိ တိုးလာပြီး ဒဏ်ရာရရှိသူ ၃၉၃၅ ဦးနှင့် ပျောက်ဆုံးနေသူ ၃၂၀ ရှိရာ ၃၅၃ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားဌာန (UNGRD) က ထုတ်ပြန်ထားသည်။

### လူပေါင်း ၁၁၅၄၆၁ ဦး ထိခိုက်

ငလျင်လှုပ်ခတ်မှုကြောင့် မြို့ ၄၄၈ ခုရှိ မိသားစု ၅၄၀၀၈ စု သို့မဟုတ် လူပေါင်း ၁၁၅၄၆၁ ဦး ထိခိုက်ခံစားခဲ့ရကြောင်း အေဂျင်စီက ပြောကြားသည်။

### နေအိမ် ၁၄၄၉၃ လုံး ပျက်စီး

အဆောက်အအုံ ၆၆ လုံး ပြိုကျခဲ့ပြီး နေအိမ် ၁၄၄၉၃ လုံး ပျက်စီးခဲ့ကာ အခြားနေအိမ် ၈၁၅၀၆ လုံးမှာလည်း ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

## ဇင်ဘာဘွေနိုင်ငံ၌ ရေယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးသူ ၈၀ အထိ တိုးလာ

**ဟာရာရီ ဩဂုတ် ၁၆**

ဇင်ဘာဘွေနိုင်ငံ ကာရာဘီရေကန်၌ ဩဂုတ် ၁၁ ရက်က ရေယာဉ်တစ်စင်း တိမ်းမှောက်ခဲ့ခြင်းကြောင့် သေဆုံးသူပေါင်း ၈၀ အထိ တိုးလာကြောင်း ဒေသတွင်းရဲတပ်ဖွဲ့က ဩဂုတ် ၁၅ ရက် ညပိုင်းတွင် ပြောကြားသည်။

အမှုထမ်းငါးဦး၊ အရေအတွက်အတည်မပြုရသေးသည့် ကလေးများနှင့် ခရီးသည် ၁၄၄ ဦး တင်ဆောင်ခဲ့သည့် အဆိုပါရေယာဉ်သည် ကာရာဘီမြို့မှ ချာလာလာငါးဖမ်းစခန်းသို့ သွားရောက်စဉ် တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ယခုအချိန်အထိ ၇၇ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **ဆင်ဟွာ**

## နီပေါနိုင်ငံ၌ လေးလအတွင်း သဘာဝဘေးအန္တရာယ်များကြောင့် လူ ၂၄၀ သေဆုံး

**ခတ္တမန္ဒူ ဩဂုတ် ၁၆**

နီပေါနိုင်ငံတွင် လွန်ခဲ့သည့်လေးလအတွင်း သဘာဝဘေးအန္တရာယ်နှင့် ဆက်နွှယ်သည့် ဖြစ်စဉ်ပေါင်း ၄၇၈၂ ခု၌ သေဆုံးသူပေါင်း ၂၄၀ ရှိကြောင်း အစိုးရအေဂျင်စီက ဩဂုတ် ၁၆ ရက်တွင် ပြောသည်။

ဧပြီလလယ်နှင့် ဩဂုတ်လလယ်ကြားတွင် ဘေးအန္တရာယ်အမျိုးမျိုးကြောင့် ခြောက်ဦးပျောက်ဆုံးပြီး ၁၅၁၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ထုတ်ပြန်သော လစဉ်အစီရင်ခံစာတွင် ဖော်ပြထားသည်။ နိုင်ငံတစ်ဝန်းဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များကြောင့် မိသားစုပေါင်း ၅၈၇၆ စု ဘေးသင့်ခဲ့ကြောင်းလည်း ဖော်ပြထားသည်။

အဆိုပါကာလအတွင်း မြွေကိုက်ခံရမှုကြောင့် သေဆုံးသူ ၆၅ ဦးဖြင့် အများဆုံးဖြစ်ကြောင်း၊ ယင်းနောက်တွင် မြေပြိုကျမှုများကြောင့် သေဆုံးသူ ၄၃ ဦးရှိသဖြင့် ဒုတိယသေဆုံးမှုအများဆုံးဖြစ်ကြောင်းနှင့် မိုးကြိုးပစ်မှုကြောင့် သေဆုံးသူ ၂၇ ဦးရှိသဖြင့် တတိယအများဆုံးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



## မြင်းခြံမြို့၌ ကျောင်းကျန်းမာရေးအထိမ်းအမှတ် အာဟာရကျွေးခြင်း ပြုလုပ်

**မြင်းခြံ ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အလက-ခွဲ(၁၉) ကျောင်း၌ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းကျန်းမာရေး အထိမ်းအမှတ် သီတင်းပတ်လှုပ်ရှားမှု အသိပညာပေး ဟောပြောခြင်းနှင့် အာဟာရကျွေးခြင်းကို ဩဂုတ် ၁၄ ရက်က ပြုလုပ်ရာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာ ဇင်မာသန်းထွန်းက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောပြီး အမက(၁၃) ကျောင်းရှိ KG ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းအဖြစ် ထမင်းနှင့်ဟင်းများကို ကျွေးမွေးခဲ့ကြောင်း သိရသည်။ **ချစ်ဦးနွေ(မြင်းခြံ)**



## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါဆိုင်ရာ အသိပညာပေး

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင်အမှတ်(၆) ရပ်ကွက်လုံးဆိုင်ရာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၄ ရက်က အမှတ်(၆)ရပ်ကွက်၌ ပြုလုပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အသိပညာပေးဟောပြောဆွေးနွေးခြင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့်အဖွဲ့ဝင်(၂) ဦးထွန်းလွင်တို့က အမှာစကားပြောကြားခြင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးချမ်းမြေ့ကိုကိုနှင့် ကျန်းမာရေးဝန်ထမ်း ဒေါ်တင်တင်ချိုတို့က ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့သည်။ **ဟန်နီ(ပြန်/ဆက်)**



## ပခုက္ကူမြို့၌ တိုင်းရင်းဆေးပညာကုထုံးနည်းဖြင့် ကျန်းမာရေးစောင့်ရှောက်ကုသပေး

**ပခုက္ကူ ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ရေဘေးသင့်ပြည်သူများအား တိုင်းရင်းဆေးပညာကုထုံးနည်းဖြင့် ကျန်းမာရေးစောင့် ရှောက်ကုသပေးခြင်းကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်အောင် ဦးဆောင်သော ဝန်ထမ်းများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မြို့နယ်အသင်းခွဲ)မှ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး အမှတ်(၁) ရပ်ကွက် ကျောက်စေတီဘုရားဝင်းနှင့် အမှတ်(၁၄)ရပ်ကွက် ရွှေသိမ်တော်ကျောင်းဝင်းရှိ ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများသို့ ကွင်းဆင်း၍ တိုင်းရင်းဆေးပညာကုထုံးနည်းဖြင့် ကျန်းမာရေးစောင့်ရှောက်ကုသပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ဘာမီသာ(ပခုက္ကူ)**

Social Etiquette လူမှုဘဝထဲက လောကဝတ်များ

## နားထောင်ပေးခြင်း အနုပညာ - (၃)

မေ



လူအများစုက စကားပြောကောင်းမှ၊ နှုတ်ရေးထက်ထက်မြက်မြက်ရှိမှ ဆက်ဆံရေးကောင်းတယ်လို့ ထင်တတ်ကြပါတယ်။ ဒါပေမယ့် အမှန်တော့ အခြားသူပြောတာကို ငြိမ်ငြိမ်လေးနဲ့ အာရုံစိုက် နားထောင်ပေးတတ်ခြင်းဟာ ပိုမိုနက်နဲတဲ့ အက်တီကက်တစ်ခုဖြစ်ပါတယ်။ နားထောင်ပေးတာဟာ တစ်ဖက်လူကို "ကျွန်တော် ခင်ဗျားကို တန်ဖိုးထားပါတယ်၊ ခင်ဗျားစကားကို အလေးထားပါတယ်" လို့ မပြောဘဲ ပြသလိုက်တာပါပဲ။

သူများ စကားပြောနေချိန်မှာ ဖုန်းတကြည့်ကြည့် လုပ်နေတာ၊ စကားမဆုံးခင်ကြားဖြတ်ပြောတာ၊ ကိုယ့်အကြောင်းပဲ လမ်းကြောင်းလွှဲ ပြောတာမျိုးတွေက လေးစားမှုနည်းပါးကြောင်း ပြသရာရောက်ပါတယ်။ တကယ့်နားထောင်ပေးခြင်းဆိုတာ စကားလုံးတွေကို ရိုးရိုးကြားရုံတင်မကဘဲ သူ့ရဲ့ခံစားချက်ပါဝင်မှုနဲ့ ပေးချင်တဲ့အဓိပ္ပာယ်ကိုပါ စာနာနားလည်ပေးတာကို ဆိုလိုတာဖြစ်ပါတယ်။

အလုပ်ခွင်မှာပဲဖြစ်ဖြစ်၊ မိသားစုထဲမှာပဲဖြစ်ဖြစ် နားထောင်ပေးတတ်သူတွေဟာ ပတ်ဝန်းကျင်ရဲ့ ယုံကြည်မှုကို ပိုရတတ်ကြပါတယ်။ သူတစ်ပါးရဲ့အမြင်ကိုလက်ခံနားထောင်ပေးနိုင်မှသာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုကောင်းမွန်စေပြီး ပြဿနာတွေကိုလည်း အေးအေးဆေးဆေး ဖြေရှင်းနိုင်မှာပါ။ နားထောင်ပေးခြင်းဖြင့် မိတ်ဆွေစစ်တွေကို ပိုမိုရရှိစေနိုင်ပါတယ်။

အက်တီကက်ဆိုတာ ကိုယ်ဘယ်လိုပြောမလဲဆိုတာတင် မဟုတ်ဘဲ၊ ဘယ်လိုနားထောင်ပေးမလဲဆိုတာပါ ပါဝင်နေပါတယ်။ တစ်ဖက်လူကို အချိန်ပေးပြီး စိတ်ဝင်စားစွာ နားထောင်ပေးခြင်းက ရိုးရှင်းပေမယ့် လူမှုဆက်ဆံရေးမှာ အားအကောင်းဆုံး လက်နက်တစ်ခု ဖြစ်ပါတယ်။ စကားနည်းနည်းပြောပြီး ပိုမိုနားထောင်ပေးခြင်းဖြင့် ဘဝရဲ့ သင်ခန်းစာအသစ်တွေကိုပါ ရရှိနိုင်ပါတယ်။

## တိုက်ကြီးမြို့နယ်၌ သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး

**တိုက်ကြီး ဩဂုတ် ၁၆**



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဂျီအီးစီ(ပညာရေး) သမဝါယမ အသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် BOD အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းနှင့် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကျင်းပရာ သဘာပတိအဖြစ် ဆရာကြီး ဦးမောင်မောင်လတ်က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းထွန်းနှင့် အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ဟန်သိန်းတို့က ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းသီရိက ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားအတည်ပြုကာ သဘာပတိက အသင်းသားအကျိုးခွဲဝေစု ငွေကျပ် ၁၀၄၈၀၀၀၀ ကို အသင်းသားတစ်ဦးထံ ပေးအပ်ပြီး ဒါရိုက်တာအဖွဲ့များ ရွေးချယ်တင်မြှောက်သည်။ **ဝတ်ရည်(ပြန်/ဆက်)**

## ပြလို့မြို့၌ နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးနိုင်ရေး စာရင်းကောက်ယူ

**အောင်လံ ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြလို့မြို့၌ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ကျောင်းသားကျောင်းသူများအား လမင်းစီမံချက်ဖြင့် ကတ်ပြားထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်းကို ဩဂုတ် ၁၅ ရက်က ပြလို့မြို့ အမှတ် (၂) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (ပြလို့) စကားဝါခန်းမ၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်း ၁၈ ဦး၊ ပြလို့မြို့ အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်နှင့် အထက (ပြလို့) ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းခိုင်နှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူ ၃၁၇ ဦးတို့၏ ကိုယ်ရေးအချက်အလက်များကို စာရင်းကောက်ယူပြုစုခဲ့ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**





ရေဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ရပ်ကွက်များအတွင်း လက်လီဆိုင်များတွင် စားအုန်းဆီများ စနစ်တကျရောင်းချမှု ရှိ/မရှိနှင့် ဈေးနှုန်းမြှင့်တင်ရောင်းချမှု မရှိစေရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဩဂုတ် ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

ရေဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပူးပေါင်း၍ ဩဂုတ် ၁၅ ရက်က မြို့နယ်အတွင်းရှိ စားအုန်းဆီအရောင်းဆိုင်များအား စားအုန်းဆီဖြန့်ဖြူးရောင်းချရာတွင် စနစ်တကျမှန်ကန်မှုရှိစေရေး ကွင်းဆင်းစစ်ဆေးစဉ်။ အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သော ဘရူဆဲလ်လား သားလျှောရောဂါကို ထိန်းချုပ်ခြင်းဖြင့် မွေးမြူရေးကဏ္ဍကို မြှင့်တင်ခြင်း

*ဒေါက်တာစိုင်းလပြည့်အောင် (မွေး/ကု)*

**ကမ္ဘာတစ်ဝန်းရှိ မွေးမြူရေးကဏ္ဍတွင် ကျွဲ၊ နွားများ၏ နို့နှင့် အသားထုတ်လုပ်မှုသည် လူသားတို့၏ စားရေရိက္ခာဖူလုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်သည်။ သို့သော်လည်း မွေးမြူရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးကို ခြိမ်းခြောက်နေသည့် အဓိကအတားအဆီးတစ်ခုမှာ ကူးစက်ရောဂါများ ဖြစ်ပွားခြင်းပင်ဖြစ်သည်။**

ထိုရောဂါများထဲတွင် Brucella abortus ဗက်တီးရီးယားကြောင့် ဖြစ်ပွားသော ဘရူဆဲလ်လား သားလျှောရောဂါသည် မွေးမြူရေးလုပ်ငန်းရှင်များ အထူးဂရုပြုရမည့် စီးပွားရေးအရ ထိခိုက်မှု အများဆုံးရောဂါတစ်ခုဖြစ်သည်။ ဘရူဆဲလ်လားသားလျှောရောဂါကြောင့် မွေးမြူရေးကဏ္ဍတွင် ကြီးမားသောဆုံးရှုံးမှုများကို နည်းလမ်းမျိုးစုံဖြင့် ရင်ဆိုင်ရတတ်သည်။

ကျွဲ၊ နွားများ၏ ဇီးကာလ နောက်ဆုံးရက်သတ္တပတ်ကာလများတွင် သားလျှောခြင်းကြောင့် ကျွဲ၊ နွား သားပေါက်မှုကောင်းရေ ဆုံးရှုံးရသဖြင့် စီးပွားရေးအရတိုက်ရိုက်ဆုံးရှုံးနိုင်သည်။ ရောဂါပိုးကြောင့် နို့ထွက်နှုန်း သိသိသာသာလျော့ကျသွားပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းများကို အရှုံးပေါ်စေပါသည်။ ထို့ပြင် ရောဂါပိုးသည် မျိုးပွားစနစ်ကို ပျက်ပြားစေသဖြင့် ဇီးကာလ ခုနစ်လဝန်းကျင်တွင် သားလျှောပြီး အချင်းကျန်ခြင်း၊ သားအိမ်ရောင်ခြင်းနှင့် နာတာရှည်မြုံခြင်းတို့ကြောင့် ကျွဲ၊ နွားမများကို ခြံမှ စောစီးစွာ နုတ်ပယ်ရတတ်သည်။

ကျွဲ၊ နွား၊ သိုးများတွင် ရောဂါပိုးဝင်ပါက ဝှေးစေ့များ ရောင်ရမ်းနာကျင်လာတတ်သည်။ ထို့ကြောင့် သုတ်ကောင်အရည်အသွေး ကျဆင်းကာ မျိုးမအောင်နိုင်တော့ပေ။ အချို့သောနွားများတွင် အဆစ်အမျက်များ၌ အရည်အိတ်တည်ကာ ရောင်ရမ်းခြင်း၊ ခြေထော့ခြင်းတို့ကို ဖြစ်စေသည်။ အထူးဂရုပြုရမည့်အချက်မှာ ရောဂါပိုးရှိသော ကျွဲ၊ နွားမတစ်ကောင်သည် ပထမအကြိမ်တွင် သားလျှောနိုင်သော်လည်း နောက်ပိုင်း သားစပ်ဇီးတင်ခြင်းများတွင် သားမလျှောဘဲ ပုံမှန်အတိုင်း မွေးဖွားနိုင်ပါသည်။

သို့သော် ယင်းနွားမသည် ရောဂါပိုးကို တစ်သက်လုံးသယ်ဆောင်ထားပြီး သားပေါက်ပွားချိန်တိုင်းတွင် ရောဂါပိုးများကို အမြောက်အမြား ဆက်လက်ထုတ်လုပ်ပျံ့နှံ့စေတတ်သဖြင့် အန္တရာယ်ကြီးမားပါသည်။ ရောဂါပိုးကူးစက်ခံနေရသော ခြံ သို့မဟုတ် ဒေသတစ်ခုသည် ပြည်တွင်း/ ပြည်ပသို့ မျိုးနွားနှင့် နို့ထွက်ပစ္စည်းများ ကုန်သွယ်ရာတွင် ပိတ်ဆို့ကန့်သတ်ခံရမှုများ ဖြစ်ပေါ်တတ်သည်။ ထို့ကြောင့် ဘရူဆဲလ်လားသားလျှောရောဂါကို ထိရောက်စွာ ရှာဖွေဖော်ထုတ်ထိန်းချုပ်နိုင်ခြင်းသည် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မျှသာမဟုတ်ဘဲ နိုင်ငံတစ်နိုင်ငံ၏ မွေးမြူရေး၊ စီးပွားရေးကဏ္ဍတစ်ရပ်လုံးကို ကာကွယ်စောင့်ရှောက်ရာ ရောက်ပါသည်။

**"ဘရူဆဲလ်လား သားလျှောရောဂါသည် တိရစ္ဆာန်များတင်မကဘဲ လူကိုပါ ဒုက္ခပေးနိုင်သည့် အရေးကြီးသော တိရစ္ဆာန်မှ လူသို့ ကူးစက်တတ်သောရောဂါဖြစ်သည်။ ရောဂါပိုးရှိသော ကျွဲ၊ နွားမှ ညှစ်ထားသည့် နို့စိမ်းများကို ပိုးသတ်ခြင်း (Pasteurization) သို့မဟုတ် ကျိုချက်ခြင်းမပြုလုပ်ဘဲ သောက်သုံးမိခြင်း၊ ယင်းနို့စိမ်းဖြင့် ပြုလုပ်ထားသော ဒိန်ခဲ၊ ဒိန်ချဉ်များကို စားသုံးမိခြင်းမှတစ်ဆင့် အဓိကကူးစက်နိုင်သည်။ လက်အိတ်မပါဘဲ သားလျှောထားသော သန္ဓေသား၊ အချင်း၊ သားအိမ်မှထွက်သော အရည်များကို ကိုင်တွယ်ရာမှ အရေပြားအနာ သို့မဟုတ် မျက်စိအမြှေးပါးတို့မှတစ်ဆင့် ပိုးဝင်ကာ ကူးစက်နိုင်ပါသည်။ ထို့ပြင် သားသတ်ရုံများ သို့မဟုတ် ဓာတ်ခွဲခန်းများတွင် ဗက်တီးရီးယားပါဝင်သော အမှုန်အမွှားများကို ရှူရှိုက်မိရာမှလည်း ကူးစက်နိုင်"**

### မွေးမြူရေးသမားများလိုက်နာရမည့် ဇီဝလုံခြုံမှု (Biosecurity)

မွေးမြူရေးခြံများတွင်ဘရူဆဲလ်လားသားလျှောရောဂါအပါအဝင် အခြားသော ကူးစက်ရောဂါများ ခြံအတွင်းသို့ ရောဂါပိုးဝင်ရောက်မလာစေရန်နှင့် ခြံတွင်းရှိ ရောဂါပိုးများ အပြင်သို့ ပြန့်ပွားမသွားစေရန်အတွက် ဇီဝလုံခြုံမှုစနစ်သည် အရေးကြီးဆုံး တံတိုင်းတစ်ခုဖြစ်သည်။

ခြံတစ်ခုတွင် ရောဂါအသစ်ကူးစက်ရခြင်း၏ အဓိကအကြောင်းရင်းမှာ အပြင်မှ ရောဂါပိုးသယ်ဆောင်လာသော တိရစ္ဆာန်အသစ်များကို စနစ်တကျ စိစစ်ခြင်းမရှိဘဲ ခြံထဲသို့ ချက်ချင်းရောနှောထည့်သွင်းခြင်းကြောင့်ဖြစ်သည်။ အပြင်မှ ဝယ်ယူလာသော ကျွဲ၊ နွား များကို အနည်းဆုံး ရက် ၃၀ မှ ၄၅ ရက်အထိ သီးခြားတင်းကုပ်တွင် ခွဲထား၍ စောင့်ကြည့်ရမည်။ သီးခြားခွဲထားစဉ်ကာလအတွင်း ဘရူဆဲလ်လားသားလျှောရောဂါ ရှိ၊ မရှိအတွက် သွေးရည်ကြည်စစ်ဆေးခြင်းနှင့် အခြားသော အရေးကြီး ကူးစက်ရောဂါများကို တိရစ္ဆာန်ဆေးကုဆရာဝန်နှင့်တိုင်ပင်ကာ သေချာစွာစစ်ဆေးရမည်။ တိရစ္ဆာန်များကို ဝယ်ယူရာတွင် ရောဂါကင်းရှင်းကြောင်း အသိအမှတ်ပြုလက်မှတ်ရှိသောခြံများ သို့မဟုတ် ရောဂါကင်းစင်နယ်မြေများမှသာ ရွေးချယ်ဝယ်ယူသင့်သည်။

ဘရူဆဲလ်လားသားလျှောရောဂါသည် မျိုးပွားလမ်းကြောင်းမှတစ်ဆင့် အဓိကကူးစက်သဖြင့် သားစပ်ခြင်းလုပ်ငန်းစဉ်တွင် ထိန်းချုပ်မှုအလွန်လိုအပ်သည်။ သဘာဝအတိုင်း မျိုးနွားသိုးဖြင့် သားစပ်ခြင်းသည် အထီးများမှတစ်ဆင့် အမများဆီသို့ ရောဂါအမြန်ဆုံးပြန့်ပွားစေနိုင်သည်။ ထို့ကြောင့် ရောဂါပိုးကင်းစင်ကြောင်း ဓာတ်ခွဲခန်းတွင် စစ်ဆေးပြီးသား မျိုးရည်ခဲချောင်းကိုသာ အသုံးပြု၍ မေထုန်မဲ့မျိုးစပ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ အကယ်၍ သဘာဝအတိုင်းသားစပ်မည့် မျိုးနွားသိုးကို အသုံးပြုရမည်ဆိုပါက ထိုမျိုးနွားသိုးကို တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ် ဘရူဆဲလ်လားသားလျှောရောဂါ ရှိ၊ မရှိ သွေးစစ်ရပါမည်။

ဇီးရှိ နွားမသားပေါက်ပါက ထိုနွားမကို အခြားကျွဲ၊ နွားများနှင့် ချက်ချင်းခွဲထုတ်ရမည်။ အကယ်၍ သားလျှောခြင်းဖြစ်ပေါ်ပါက မိမိမြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ သတင်းပေးကာ တိရစ္ဆာန်ဆေးကုဆရာဝန်၏ ညွှန်ကြားချက်ဖြင့် တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ ဘရူဆဲလ်လား သားလျှောရောဂါ ရှိ၊ မရှိ စစ်ဆေးချက်အဖြေရယူရမည်။ သားလျှောကျသွားသော သန္ဓေသား၊ အချင်းနှင့် သားအိမ်မှ ထွက်သော အရည်များကို ထုံးမှုန့်ဖြူး၍ မြေနက်နက်မြှုပ်ခြင်း သို့မဟုတ် မီးရှို့ဖျက်ဆီးခြင်း ပြုလုပ်ရမည်။ ၎င်းနေရာကို ပိုးသတ်ဆေးပြင်းပြင်းဖြင့် ချက်ချင်းဆေးကြောရမည်။

လူ့အသုံးအဆောင် ဖိနပ်၊ အဝတ်အစားနှင့် မော်တော်ယာဉ်များ၏ ကားဘီးများသည် ရောဂါပိုးများကို ခြံတစ်ခုမှတစ်ခုသို့ သယ်ဆောင်ပေးသည့် ကြားခံများဖြစ်သဖြင့် ခြံပတ်ပတ်လည်ကို လုံခြုံသော ခြံစည်းရိုးခတ်ထားပြီး အပြင်လူ သို့မဟုတ် လေလွင့် တိရစ္ဆာန်များ အလိုအလျောက် မဝင်နိုင်အောင် တားဆီးရမည်။ ခြံအဝင်ဝတွင် ဖိနပ်ပိုးသတ်ကန်နှင့် မော်တော်ယာဉ်များ ဖြတ်သန်းရမည့် ပိုးသတ်ဆေးရည်ကန်များကို ထားရှိရမည်။ ခြံထဲသို့ ဝင်ရောက်မည့် အလုပ်သမားများနှင့် ဧည့်သည်များသည် ခြံတွင်းသုံး သီးသန့် ဖိနပ်နှင့် အဝတ်အစားများကို လဲလှယ်ဝတ်ဆင်ရမည်။

ဘရူဆဲလ်လားသားလျှောရောဂါပိုးသည် လူကိုပါ ကူးစက်နိုင်သဖြင့် ခြံလုပ်သားများကိုယ်တိုင် ဘေးကင်းစေရန် လုပ်ဆောင်ရမည်။ ကျွဲ၊ နွားလေးများသားပေါက်ခြင်းကို ကူညီရာတွင်သော်လည်းကောင်း၊ သားလျှောထားသည်များကို ကိုင်တွယ်ရာတွင်သော်လည်းကောင်း ရော်ဘာလက်အိတ်ရှည်များကို မဖြစ်မနေ ဝတ်ဆင်ရမည်။ လုပ်ငန်းခွင်ပြီးဆုံးတိုင်း လက်ကို ပိုးသတ်ဆေး၊ ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောရမည်။

ဇီဝလုံခြုံမှုဆိုသည်မှာ ကုန်ကျစရိတ် အများကြီးသုံးရသည့် နည်းလမ်းထက် နေ့စဉ်စနစ်တကျ ဂရုစိုက်ရမည့် အလေ့အကျင့်ကောင်းများသာ ဖြစ်သည်။ ထိုစနစ်ကို တိကျစွာ လိုက်နာခြင်းဖြင့် ခြံအတွင်းသို့ ရောဂါပိုးဝင်ရောက်မှုကို အထိရောက်ဆုံး တားဆီးနိုင်ပြီး မွေးမြူရေးလုပ်ငန်းကို ရေရှည်တွင် အမြတ်ဆုံးရှုံးမှုကင်းဝေးစေကာ အောင်မြင်ဖြစ်ထွန်းစေမည်ဖြစ်သည်။

### လူသို့ ကူးစက်နိုင်သည့် အန္တရာယ်များနှင့် ပြည်သူ့ကျန်းမာရေးရှုထောင့်

**ဘရူဆဲလ်လားသားလျှောရောဂါသည် တိရစ္ဆာန်များတင်မကဘဲ လူကိုပါ ဒုက္ခပေးနိုင်သည့် အရေးကြီးသောတိရစ္ဆာန်မှလူသို့ကူးစက်တတ်သောရောဂါဖြစ်သည်။ ရောဂါပိုးရှိသော ကျွဲ၊ နွားမှ ညှစ်ထားသည့် နို့စိမ်းများကို ပိုးသတ်ခြင်း (Pasteurization) သို့မဟုတ် ကျိုချက်ခြင်းမပြုလုပ်ဘဲ သောက်သုံးမိခြင်း၊ ယင်းနို့စိမ်းဖြင့် ပြုလုပ်ထားသော ဒိန်ခဲ၊ ဒိန်ချဉ်များကို စားသုံးမိခြင်းမှတစ်ဆင့် အဓိကကူးစက်နိုင်သည်။ လက်အိတ်မပါဘဲ သားလျှောထားသော သန္ဓေသား၊ အချင်း၊ သားအိမ်မှထွက်သော အရည်များကို ကိုင်တွယ်ရာမှ အရေပြားအနာ သို့မဟုတ် မျက်စိအမြှေးပါးတို့မှတစ်ဆင့် ပိုးဝင်ကာကူးစက်နိုင်ပါသည်။ ထို့ပြင် သားသတ်ရုံများ သို့မဟုတ် ဓာတ်ခွဲခန်းများတွင် ဗက်တီးရီးယားပါဝင်သော အမှုန်အမွှားများကို ရှူရှိုက်မိရာမှလည်း ကူးစက်နိုင်ပါသည်။**

လူတွင် ရောဂါပိုးကူးစက်ခံရပါက အဖျားတက်လိုက်၊ ကျလိုက်ဖြစ်သော အဖျားရောဂါကို ခံစားရတတ်သည်။ ထို့အပြင် ညဘက်တွင် အလွန်အမင်း ချွေးထွက်ခြင်း၊ ချမ်းတုန်ခြင်း၊ တစ်ကိုယ်လုံးရှိ အဆစ်အမျက်များနှင့် ကြွက်သားများ ပြင်းထန်စွာ ကိုက်ခဲခြင်းနှင့် ကာလကြာရှည်စွာ နာတာရှည် မောပန်းနွမ်းနယ်ခြင်းဖြစ်စေသည်။ အမျိုးသားများတွင် ဝှေးစေ့ရောင်ခြင်းဖြစ်စေ၍ အမျိုးသမီးများတွင် သားလျှောခြင်းဖြစ်ခဲသော်လည်း ဖြစ်နိုင်သည်။

ရောဂါရင့်လာပါက နှလုံးအဆို့ရှင်ရောင်ခြင်းနှင့် အာရုံကြောစနစ်ကို ထိခိုက်ပြီး အသက်အန္တရာယ်အထိ ဖြစ်စေနိုင်သည်။ ထို့ကြောင့် ဘရူဆဲလ်လားသားလျှောရောဂါကို ထိန်းချုပ်ရာတွင် တိရစ္ဆာန်ကျန်းမာရေးနှင့် လူသားကျန်းမာရေးကို တစ်ပြိုင်နက်တည်း အလေးထားသည့် လူနှင့်တိရစ္ဆာန် တစ်ခုတည်းသော ကျန်းမာရေးရှုထောင့်ဖြင့် ချဉ်းကပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

### အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံ၏ ဘရူဆဲလ်လားသားလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်နေမှုများ

တရုတ်နိုင်ငံတွင် ၂၀၂၆ ခုနှစ် မေလ ၂၆ ရက်မှ ၂၉ ရက်အထိ ဘရူဆဲလ်လား သားလျှောရောဂါ ရှာဖွေဖော်ထုတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဖွင့်လှစ်ခဲ့ရာ အာရှ-ပစိဖိတ်ဒေသနိုင်ငံပေါင်း ၁၁ နိုင်ငံ တက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံမှလည်း ကိုယ်စားလှယ်တစ်ဦးအဖြစ် ပါဝင်တက်ရောက်ခဲ့ရာ လေ့လာခဲ့ရသော တရုတ်နိုင်ငံ၏ ဘရူဆဲလ်လား သားလျှောရောဂါ ထိန်းချုပ်ပုံများကို ဝေမျှလိုပါသည်။

တရုတ်နိုင်ငံသည် မွေးမြူရေးကဏ္ဍ ကြီးထွားလာသည်နှင့်အမျှ ဘရူဆဲလ်လားသားလျှောရောဂါကြောင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများကို ရင်ဆိုင်ရန်အတွက် ခေတ်မီဓာတ်ခွဲခန်းကွန်ရက်များနှင့် စနစ်တကျ တိကျသောရောဂါထိန်းချုပ်ရေး မဟာဗျူဟာများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ကွင်းဆင်းစစ်ဆေးခြင်းမှသည် ဗဟိုဓာတ်ခွဲခန်းအပြီးသတ်အထိ အဆင့်ဆင့် စနစ်တကျစစ်ဆေးသည့် စနစ်ကိုသုံးသည်။ အကြိုစစ်ဆေးခြင်းအဖြစ် Rose Bengal Plate Test (RBPT) နှင့် နို့စားနွားခြံများအတွက် Milk Ring Test (MRT)တို့ကို သုံးပြီး ရောဂါသံသယရှိသော နွားအုပ်စုများကို အမြန်ဆုံးခွဲထုတ်ပါသည်။

ထို့နောက် ပိုမိုတိကျသော Enzyme-Linked Immunosorbent Assay (ELISA) နည်းပညာနှင့် Complement Fixation Test (CFT) နည်းပညာတို့ကို အသုံးပြုကာ ရောဂါ ရှိ၊ မရှိ အပြီးသတ်အတည်ပြုသည်။ လိုအပ်လျှင် PCR (Polymerase Chain Reaction) မော်လီကျူလာနည်းပညာကို သုံးပြီး ဘရူဆဲလ်လားသားလျှောရောဂါပိုးမျိုးစိတ်နှင့် မျိုးကွဲများကို မျိုးဗီဇအဆင့်အထိ ခွဲခြားစိတ်ဖြာပါသည်။ တရုတ်နိုင်ငံသည် နယ်မြေအလိုက် ကာကွယ်ဆေးထိုးခြင်းများလည်း ဆောင်ရွက်ပါသည်။

ရောဂါဖြစ်ပွားမှုနှုန်းပေါ်မူတည်၍ ဒေသများကို ခွဲခြားထားပြီး ကာကွယ်ဆေးထိုးနှံမှုကို စနစ်တကျလုပ်ဆောင်သည်။ ရောဂါဖြစ်ပွားမှုမြင့်မားသော ဇုန်များတွင် မွေးမြူထားသော နွားမတမ်းငယ်များကို ကာကွယ်ဆေးများကို မဖြစ်မနေထိုးနှံစေပါသည်။ ရောဂါပိုးတွေ့ရှိသော တိရစ္ဆာန်များကို ခြံတွင်း၌ ထားရှိခွင့်မပြုဘဲ စနစ်တကျ သားသတ်ရုံသို့ ပို့ဆောင်ဖယ်ရှားစေသည်။ ထိုသို့ လုပ်ဆောင်ရာတွင် မွေးမြူရေးသမားများနစ်နာမှုမရှိစေရန်နှင့် ရောဂါကို ဖုံးကွယ်မထားစေရန်အတွက် အစိုးရမှ ထိုက်တန်သော လျော်ကြေးငွေကို ချက်ချင်းပေးအပ်သည့် စနစ်ကိုကျင့်သုံးသည်။ တိရစ္ဆာန်များကို ပြည်နယ်တစ်ခုမှ တစ်ခုသို့ ရွှေ့ပြောင်းရာတွင် တင်းကျပ်သော

*စာမျက်နှာ ၁၇ သို့*

## ချောင်းဆုံမြို့နယ်၌ အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်လှစ်



**ချောင်းဆုံ ဩဂုတ် ၁၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ လူငယ်များအတွင်း အားကစားစိတ်ဓာတ်နှင့် အသင်းအဖွဲ့စိတ်ဓာတ်များ ရှင်သန်တိုးတက်စေရန်၊ ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်သည့် အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသက် (၁၈) နှစ်အောက် မြို့နယ်ပညာရေးမှူးဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့က မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မွန်ပြည်နယ် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးမျိုးမင်းလှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဘင်ခရာအဖွဲ့နှင့် အားကစားပြိုင်ပွဲအတွက် ဂုဏ်ပြုငွေနှင့် အားကစားပစ္စည်းများ ပေးအပ်ပြီး ပထမပွဲစဉ်အဖြစ် မုရစ်ကလေးဇုန်အသင်းနှင့် ကွမ်သဲဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်များက လာရောက်ကြည့်ရှုအားပေးခဲ့ကြပြီး မုရစ်ကလေးဇုန်အသင်းမှ ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဘောလုံးအသင်း ၁၀ သင်း ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး ဩဂုတ် ၁၅ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်**
**(ချောင်းဆုံ)**

## ပဲခူး၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များ ကွင်းဆင်းဆောင်ရွက်

**ပဲခူး ဩဂုတ် ၁၆**

ပဲခူးမြို့နယ် ထုံးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှဝန်ထမ်းများက အသက်(၁၀) နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပြုလုပ်ပေးသည်။



### ကြည့်ရှုအားပေး

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပြုလုပ်ပေးရာသို့ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းခန့်ကျော်၊ ပဲခူးခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မာမာလွင်နှင့် ပဲခူးမြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်တို့က ကြည့်ရှုအားပေးပြီး အသက် (၁၀) နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၁၆၆ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်ထက်**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း စာရင်းစစ်ချုပ်ဝန်ထမ်းများ စီမံချက်နှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်ရေးဆွေးနွေး



**အိမ်မဲ ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ငြိမ်းငြိမ်းဝင်း၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ယမန်နေ့က အိမ်မဲမြို့နယ် စာရင်းစစ်ရုံးသို့ သွားရောက်ကာ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအား စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံချက်နှင့်အညီ ဆောင်ရွက်နိုင်ရေး၊ အရည်အသွေးပြည့်ဝသည့် အစီရင်ခံစာများ ထုတ်ပြန်နိုင်ရေး၊ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ လိုက်နာနေထိုင်ရေးနှင့် စီမံရေးရာကိစ္စရပ်များ ဆွေးနွေးမှာကြားပြီး ကြက်ဥ များ ထောက်ပံ့ကာ ဝန်ထမ်းအိမ်ရာကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောင်းကုန်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ် စာရင်းစစ်ရုံးများသို့လည်း သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားပြီး ကြက်ဥထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်**
**(ပြန်/ဆက်)**

## မြောင်းမြမြို့၌ ပဆင-ဓနုံးချောင်းဆက်သွယ်သည့် လမ်းအား ကွန်ကရစ်ခင်း

**မြောင်းမြ ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ဩဂုတ် ၁၄ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ပဆင-ဓနုံးချောင်းဆက်သွယ်သည့်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများအား စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာန(ရုံးချုပ်) နေပြည်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဇေယျာ(ပြန်/ဆက်)**




## ကျိုက်လတ်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ကျိုက်လတ် ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက်က မြို့နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရရှိန်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေအား ကျေးရွာခြောက်ရွာသို့ စီမံကိန်းတစ်ခုလျှင် ငွေကျပ်သိန်း ၁၅၀ စီဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကော်မတီဝင်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ စက်မှုလုပ်ငန်းသုံး စားအုန်းဆီ လစဉ်ခွဲတမ်းရရှိထားသော လုပ်ငန်းရှင်များ လုပ်ငန်းခွင်အတွင်း အမှန်တကယ် အသုံးပြုခြင်း ရှိ/မရှိ သိရှိနိုင်ရန်အတွက် ခရိုင်စက်မှုလုပ်ငန်းသုံး စားအုန်းဆီ ထုတ်ယူဖြန့်ဖြူးမှုကြီးကြပ်ရေးအဖွဲ့မှ ဩဂုတ် ၁၅ ရက်က မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်စဉ်။ အေးမိုး(ပြန်/ဆက်)

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၆**

ဩဂုတ် ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၆ မှ*

သီးခြားခွဲထုတ်စောင့်ကြည့်ခြင်း (Quarantine) စနစ်နှင့် သွေးစစ်ချက်လက်မှတ်ပါရှိမှသာ သယ်ဆောင်ခွင့်ပြုသည်။

ထို့အတူ မြန်မာနိုင်ငံတွင်လည်း လက်ရှိပကတိအခြေအနေများနှင့် ပေါင်းစပ်ကာ လိုက်လျောညီထွေမှုရှိသော လုပ်ငန်းစဉ်များဖြင့် အကောင်အထည်ဖော်သွားမည်ဆိုပါက ရောဂါဖြစ်ပွားမှုကို အောင်မြင်စွာ ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ဘရူဆဲလ်လားသားလျှောရောဂါကို ထိရောက်စွာထိန်းချုပ်နိုင်ခြင်းအားဖြင့် ကျွဲ၊ နွား မျိုးကောင်းမျိုးသန့်များကို ကာကွယ်နိုင်ပြီး ခြံများ၏ ကုန်ထုတ်စွမ်းအား မြင့်မားလာမည်။ နို့နှင့် အသားထုတ်လုပ်မှုတိုးတက်လာပြီး ပြည်တွင်းစားရေရိက္ခာဖူလုံရုံသာမက ပြည်ပသို့ပါ တင်ပို့နိုင်သည့် အဆင့်မြင့်မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းလာမည်။ တိရစ္ဆာန်မှလူသို့ ကူးစက်မှုကို တားဆီးနိုင်သဖြင့် မွေးမြူရေးလုပ်သားများနှင့် ပြည်သူလူထု၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်မည်။

နိဂုံးချုပ်အားဖြင့် ဘရူဆဲလ်လားသားလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်တွင် ရင်းနှီးမြှုပ်နှံခြင်းသည် တိရစ္ဆာန်ကူးစက်ရောဂါတစ်ခုကို နှိမ်နင်းခြင်းမျှသာမဟုတ်ဘဲ မြန်မာ့မွေးမြူရေးကဏ္ဍတစ်ရပ်လုံး ရေရှည်တည်တံ့ခိုင်မြဲပြီး ခေတ်မီတိုးတက်လာစေရန်အတွက် မရှိမဖြစ်လုပ်ဆောင်ရမည့် မဟာဗျူဟာမြောက် ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး)အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Adjective (နာမဝိသေသန) များနဲ့ပတ်သက်ပြီး Indefinite Numerical Adjectives (မတိကျသည့်ကိန်းများကို ဖော်ပြသည့် နာမဝိသေသနများ) နဲ့ Distributive Adjectives (ခွဲဝေပြနာမဝိသေသန) အကြောင်းကို ပြည့်ပြည့်စုံစုံလေး ထပ်မံဖော်ပြပေးလိုက်ပါတယ်။ စကားပြောခန်းမှာလည်း Shortest way to talk about food and cooking-4 (အစားအစာတွေနဲ့ ချက်ပြုတ်ခြင်းနဲ့ဆိုင်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောမလဲ။) ကိုထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာ ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ပြည့်စုံကြွယ်ဝ ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

**ယခင်အပတ် Exercise 1 မှအဖြေများ**

1. a few 2. many 3. several 4. little 5. two
6. a 7. much 8. some 9. two 10. few

**Indefinite Numeral Adjectives**
**(မတိကျသည့် ကိန်းများကို ဖော်ပြသည့် နာမဝိသေသန)**

တိကျသောကိန်းဂဏန်းအရေအတွက်များကို ကိုယ်စားပြုဖော်ပြခြင်းမရှိသော စကားလုံးများကို Indefinite Numeral Adjectives (မတိကျသည့်ကိန်းများကို ဖော်ပြသည့် နာမဝိသေသန) ဟုခေါ်သည်။ Indefinite Numeral Adjectives (မတိကျသည့် ကိန်းများကို ဖော်ပြသည့် နာမဝိသေသန) များမှာ –

- few = နည်းသော
- many = များသော
- a few = အနည်းငယ်သော
- several = များပြားသော
- some = အချို့သော
- no = မရှိသော
- any = တစ်စုံတစ်ခုသော
- all = အားလုံးသော
- certain = အချို့သော
- another = အခြားတစ်ခုဖြစ်သော
- enough = လုံလောက်သော
- other = အခြားသော

**Indefinite Numeral Adjectives in the example sentences**

- All men must die.
- There are no pictures in this book.
- There are not enough spoons.
- There are many people on the street.
- Only a few people came to see the football match.
- Several boys swim in the pool.

**မှတ်ချက်**

Few၊ a few၊ many၊ several တို့ကို ရေတွက်ရနာမ်များနဲ့သုံး
Little၊ a little၊ much တို့ကို ရေတွက်မရနာမ်များနဲ့သုံး
Some၊ any၊ no၊ enough၊ all တို့ကို ရေတွက်ရနာမ်များနှင့် သာမက ရေတွက်မရနာမ်များနှင့်ပါသုံး

**Distributive Adjectives (ခွဲဝေပြနာမဝိသေသန)**

အရေအတွက်တစ်ခုချင်းစီကို ရည်ညွှန်းဖော်ပြသော စကားလုံးများကို Distributive Adjectives (ခွဲဝေပြနာမဝိသေသန)ဟု ခေါ်သည်။ Distributive Adjectives (ခွဲဝေပြနာမဝိသေသန) မှာ–

- Each = တစ်ခုစီ
- Either = နှစ်ခုအနက် တစ်ခုဖြစ်သော
- Every = (အရာ) တိုင်း
- Neither = not either = နှစ်ခုအနက် တစ်ခုမှ မဟုတ်သော

**မှတ်ချက်**

Each သည် နှစ်ခုသို့မဟုတ် နှစ်ခုထက်ပိုသည့် အရာဝတ္ထုများအနက် တစ်ခုစီကို ရည်ညွှန်းသည်။

Every သည် နှစ်ခုထက်ပိုသည့် အရာဝတ္ထုများအနက်တစ်ခုစီကို ရည်ညွှန်းသည်။ နှစ်ခုထက်ပိုမှသာ every ကို သုံးနိုင်သည်။

Either၊ Neither တို့ကို အရာဝတ္ထုနှစ်ခုကို ရည်ညွှန်းပြီး သုံးနိုင်သည်။ ယင်းတို့နောက်တွင် အနည်းကိန်းနာမ်လိုက်သည်။

**Distributive Adjectives in the example sentences**

- Each boy must take his turn.
- India expects every man to do his duty.
- Neither accusation is true.
- Each child got a present.
- Every minute is precious.
- You can take either pencil.
- Either pen will do.
- You should join neither side.

Adjectives များကို ဝါကျတွင် သုံးနှုန်းပုံပေါ် မူတည်ပြီး Quantity (ပမာဏ) သို့မဟုတ် Number (အရေအတွက်)ဟူပြီး ခွဲခြားနိုင်သည်။ ဥပမာ –

**Adjectives of Quantity**

- I ate some rice.
- He has lost all his wealth.
- You have no sense.
- He did not eat any rice.
- I have enough sugar.

**Adjectives of Number**

- Some boys are clever.
- All men must die.
- There are no pictures in this book.
- Are there any mango–trees in this garden?
- There are not enough spoons.

## VOCABULARY ENRICHMENT PROGRAMME

ပြည့်စုံကြွယ်ဝဝေါဟာရပဒေသာ အစီအစဉ်

1. **beat the clock = (အချိန်မီပြီးစီးသည်)**
   **We beat the clock.**
   ငါတို့အချိန်မီ ပြီးစီးခဲ့တယ်။
2. **beat the odds = (အခက်အခဲကို ကျော်လွှားအောင်မြင်သည်)**
   **She beat the odds.**
   သူ(မ) အခက်အခဲကို ကျော်လွှားအောင်မြင်ခဲ့တယ်။
3. **behind closed doors = (လျှို့ဝှက်စွာ)**
   **The meeting was held behind closed doors.**
   အစည်းအဝေးကို လျှို့ဝှက်စွာ ကျင်းပခဲ့တယ်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about food and cooking–4
### (အစားအစာတွေ ချက်ပြုတ်ခြင်းနဲ့ဆိုင်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောမလဲ။)

ဒီတစ်ပတ်မှာလည်း အစားအစာတွေ ချက်ပြုတ်ခြင်းနဲ့ ပတ်သက်တဲ့ အသုံးအနှုန်းတွေကို ဘယ်လိုပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about food and cooking–4" ဆိုပြီး ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။

***Should I …***
***Add/Stir (V–Infinitive) …***
***Need to …***
***How to make …***

၁။ တစ်ခုခုလုပ်သင့်လား၊ လုပ်ရင်ကောင်းမလားဆိုပြီး အကြံတောင်းတဲ့အခါ ပြောလေ့ရှိတဲ့ စကားပြော ပုံစံတစ်ခုကတော့ Should I … ပဲ ဖြစ်ပါတယ်။ ဥပမာ–

- **Should I** use a low heat?
- **Should I** play games?
- **Should we** let them go on or not?

၂။ တစ်ခုခုကို ခိုင်းစေတဲ့အခါ၊ ပြောတဲ့အခါ၊ အကြံပေးပြောကြားတဲ့အခါ၊ လေသံမာမာနဲ့ အမိန့်ပေးသလို ပြောတဲ့အခါမှာ သုံးလေ့ရှိတဲ့ စကားပြောပုံစံတစ်မျိုးကတော့ V–infinitive လို့ခေါ်တဲ့ Imperative နဲ့ စပြောတာပဲ ဖြစ်ပါတယ်။ ဥပမာ–

- **Add** the milk very slowly.
- **Stir** the sauce continuously.
- **Go** straight.
- **Stop** talking nonsense.

၃။ တစ်ခုခုကိုလုပ်ဖို့လိုတယ်လို့ ပြောချင်ရင် need to … နဲ့ သုံးပါတယ်။ ဥပမာ–

- We just **need to** layer all the parts, sprinkle some grated cheese on top, and then bake it for half an hour.
- We **need to** make the white sauce.

၄။ ဘယ်လိုလုပ်ရမလဲဆိုပြီး မေးရင်၊ ပြောရင်တော့ How to make … ဆိုပြီး ပြောနိုင်ပါတယ်။ ဥပမာ –

- **How to make** white sauce?

**Conversation**

**How to make a dish**

**Susan:** So, what do we do first?
**James:** First, we need to fry the aubergine and the potato. While you do that, I'll prepare the meat.
**Susan:** How are you going to do it?
**James:** It's easy: you sauté onion and garlic, then add the meat to brown it. Then you add the tomatoes and simmer it for fifteen minutes or so until the sauce thickness.
**Susan:** OK, what now?
**James:** Now we need to make the white sauce. You know how to make white sauce?
**Susan:** I think so, though I've never tried it. It's butter, flour and milk, right?
**James:** Yes, but you need to be careful.
**James:** Add the milk very slowly, and stir the sauce continuously. Otherwise, it can get lumpy.
**Susan:** Should I use a low heat?
**James:** Yes, as low as possible.
**Susan:** So, is that it?
**James:** Pretty much! We just need to layer all the parts, sprinkle some grated cheese on top, and then bake it for half an hour.
**Susan:** What should I do, then?
**James:** Get a baking dish. Put the potatoes in the bottom, then the aubergine, then the meat. Add another layer of aubergine on top, then pour in the white sauce.
**Susan:** Is it ready?
**James:** Yeah, I think so. It should be lightly brown on top. Nice work–you made your first moussaka! (famous Greek dish)

**Language Focus Point**

sauté (ဆီပူထိုးထားသော၊ ဆီနှင့် လှိမ့်ထားသော)/ fry (ကြော်သည်)
boil (ပွက်ပွက်ဆူသည်) / simmer (တဖြည်းဖြည်း ညင်သာစွာ ဆူသည်)
pour (လောင်းထည့်သည်)/ sprinkle (အနည်းငယ် ဖျန်းသည်၊ ဖြူးသည်)



စပိန်လာလီဂါအဖွင့်ပွဲစဉ်တွင် ဆီဗီလာနှင့် ဗယ်လက်ကာနိုတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။

## စပိန်လာလီဂါအဖွင့်ပွဲစဉ်တွင် ဆီဗီလာနှင့် အလာဗက်စ်တို့ နိုင်ပွဲရ

ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်လာလီဂါအဖွင့်ပွဲစဉ်တွင် ဆီဗီလာနှင့် အလာဗက်စ်အသင်းတို့ နိုင်ပွဲရပြီး အဖွင့်မျက်နှာပန်းလှခဲ့သည်။

နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဂီတာဖေးနှင့် အလာဗက်စ် အသင်းပွဲစဉ်တွင် အလာဗက်စ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဂီတာဖေးအသင်းသည် ပွဲချိန် ၄၂ မိနစ်တွင် တောင်ပံတိုက်စစ်ကစားသမား ကီကိုအနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသောကြောင့် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။

ထို့နောက် အလာဗက်စ်အသင်းက ဖိအားပေး တိုက်စစ်ဆင်ကာ သွင်းဂိုးများဆက်တိုက်သွင်းယူပြီး ဂိုးပြတ်နိုင်ပွဲ ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

နံနက် ၂ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် ဆီဗီလာနှင့် ဗယ်လက်ကာနိုအသင်းပွဲစဉ်တွင် ဆီဗီလာအသင်းက အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ပွဲချိန်ပြည့်ခါနီးတွင် ဆီဗီလာအသင်းမှ ကီကီဆာလပ်စ် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

အဆိုပါ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပြိုင်ပွဲပြီးဆုံးရန် နီးစပ်ခဲ့သော်လည်း ဖာနန်ဒက်စ်၏နောက်ကျပယ်နယ်တီသွင်းဂိုးကြောင့် ဆီဗီလာက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

## မန်ယူကွင်းလယ်ကစားသမားဟောင်းဖရက် မင်နဲရိုးအသင်းသို့ ပြောင်းရွှေ့

မန်ယူကွင်းလယ်ကစားသမားဟောင်း ဖရက်သည် ဥရောပတွင် ဆယ်စုနှစ်တစ်စုကျော်ကြာ ဖြတ်သန်းပြီးနောက် ယခုအခါ မိခင်ဘရာဇီးကလပ် အက်သလက်တီကို မင်နဲရိုးအသင်းသို့ ပြန်လည်ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။ အသက် ၃၃ နှစ်အရွယ် ဖရက်သည် မန်ယူအသင်းတွင် ပြိုင်ပွဲစုံ ၂၁၃ ပွဲ ပါဝင်ကစားခဲ့ပြီး ၁၄ ဂိုးသွင်းယူပေးထားသူ ဖြစ်သည်။ ၎င်းသည် ၂၀၂၃-၂၀၂၄ ရာသီတွင် မန်ယူမှ တူကီယဲကလပ် ဖီနာဘာချီအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ပြိုင်ပွဲစုံ ၁၂၉ ပွဲ ပါဝင်ကစားထားသည်။

## နာမည်ကြီး တင်းနစ်အကျော်အမော် ဂျိုကိုဗစ် ပြိုင်ဘက်ကို ရှုံးနိမ့်ပြီး စင်စင်နတီအိုးပင်းပြိုင်ပွဲမှ ထွက်ခွာခဲ့ရ

နာမည်ကြီးတင်းနစ် အကျော်အမော် နိုဗက်ဂျိုကိုဗစ်သည် စင်စင်နတီ အိုးပင်းတင်းနစ် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဖ၄ ဦး အဆင့်တွင် ပြိုင်ဘက် အာဂျင်တီးနား တင်းနစ်ကစားသမား တီယာဂိုအာဂတ်စတင်တီရန်တေးကို ၆-၂၊ ၄-၆၊ ၄-၆ ရလဒ်ဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်သည်။



စင်စင်နတီ အိုးပင်းတင်းနစ်ပြိုင်ပွဲသည် ATP Masters 1000 အဆင့်ရှိ ပြိုင်ပွဲအမျိုးအစားဖြစ်ပြီး ထိပ်တန်းအဆင့်တင်းနစ်ကစားသမားများ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

၎င်းသည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဝင်ဘယ်ဒန်အိုးပင်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းထားသူ ဖြစ်သည်။

တီရန်တေးသည် ၃၂ဦးအဆင့်တွင် စပိန်မှ မာတင်နှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

## တိုက်စစ်ကစားသမား အင်မိုဘီလီ ကစားသမားဘဝမှ အနားယူ

အီတလီကစားသမားဟောင်း ချီရို အင်မိုဘီလီသည် ပဲရစ်အက်ဖ်စီအသင်းမှ ထွက်ခွာပြီးနောက် အသက် ၃၆ နှစ်အရွယ်တွင် ကစားသမားဘဝမှ အနားယူကြောင်း ဩဂုတ် ၁၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။



၎င်းသည် ၂၀၁၆ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ လာဇီယိုအသင်းတွင် ကစားခဲ့ပြီး အီတလီဖလား တစ်ကြိမ်၊ အီတလီစူပါဖလား နှစ်ကြိမ် ဆွတ်ခူးရရှိထားသည်။ လာဇီယိုအသင်း၏ ဂိုးသွင်းအများဆုံးကစားသမားဖြစ်သော အင်မိုဘီလီသည် ၂၀၁၉-၂၀၂၀ ရာသီတွင် ဥရောပရွှေဖိနပ်ဆုကို ဆွတ်ခူးထားသည်။

အင်မိုဘီလီသည် ကစားသမားဘဝတွင် ဂျူဗင်တပ်စ်၊ ဂျီနိုအာ၊ ဒော့မွန်၊ လာဇီယို၊ ဘက်ဆစ်တပ်စ်၊ ဘိုလော့ဂ်နာအသင်း အပါအဝင် ကလပ်အသင်းအများအပြားတွင် ပါဝင်ကစားထားသူ ဖြစ်သည်။ အီတလီအသင်းအတွက် ၅၇ ပွဲပါဝင်ကစားထားပြီး ၁၇ ဂိုး သွင်းယူပေးထားသည်။

## စင်စင်နတီအိုးပင်းပြိုင်ပွဲတွင် ၃၂ ဦးအဆင့်သို့ ဖိလစ်ပိုင်ထိပ်တန်းတင်းနစ်မယ် အယ်လာ တက်ရောက်

ဖိလစ်ပိုင်ထိပ်တန်းတင်းနစ်မယ် အလက်ဇန္ဒြားအယ်လာသည် စင်စင်နတီအိုးပင်းတင်းနစ် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ၃၂ ဦးအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အယ်လာသည် အဆိုပါပြိုင်ပွဲ ဖ၄ ဦးအဆင့်တွင် ပြိုင်ဘက်တင်းနစ်မယ် အယ်လီနာ ဂါဘရီရယ်လာသည် ပြိုင်ပွဲကစားနေစဉ် ထိခိုက်ဒဏ်ရာရရှိပြီး ဆက်လက်ယှဉ်ပြိုင်ကစားနိုင်ခြင်း မရှိသောကြောင့် ၆-၁၊ ၃-၀ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၀ နှစ်အရွယ် တင်းနစ်မယ်အယ်လာသည် ပြီးခဲ့သည့် ကိုးပွဲတွင် ရှစ်ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သူ ဖြစ်သည်။ ထို့အပြင် ၎င်းသည် ယခုလအစောပိုင်းက ကျင်းပခဲ့သည့် မူဘာဒါလာ ဒီစီအိုးပင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် နာမည်ကြီး ပဲဂူလာကို အနိုင်ယူကျော်ဖြတ်ကာ ဖလားဆွတ်ခူးထားသည်။



သို့သော်လည်း ယခုပြိုင်ပွဲမတိုင်မီ ကျင်းပခဲ့သည့် နေရှင်နယ်ဘဏ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ၁၆ ဦးအဆင့်အထိသာ တက်လှမ်းနိုင်ခဲ့သည်။ ၎င်းသည် ယခုပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် အမေရိကန်နာမည်ကြီးတင်းနစ်မယ် အနီဆီမိုဗာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အနီဆီမိုဗာသည် ဖ၄ ဦးအဆင့်တွင် တူကီယဲတင်းနစ်မယ် ဆွန်မက်ဇ်ကို အနိုင်ယူကာ ၃၂ ဦးအဆင့် တက်လှမ်းလာသူ ဖြစ်သည်။

## အက်သလက်တီကိုက စပါးမှ ရိုမီရိုကို ခေါ်ယူ



စပိန်ကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသည် စပါးအသင်းမှ အာဂျင်တီးနားအသင်းခံစစ် ကစားသမား ခရစ္စတီယန်ရိုမီရိုကို ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ရိုမီရိုကို ပြောင်းရွှေ့ကြေး ယူရို ၃၃ သန်းဝန်းကျင်ဖြင့် ခေါ်ယူပြီး ငါးနှစ်စာချုပ်ချုပ်ခဲ့ကြောင်း သိရသည်။ ရိုမီရိုသည် စပါးအသင်းတွင် လေးရာသီကြာ ဖြတ်သန်းခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ရာသီတွင် အသင်းအတွက် ၃၂ ပွဲ ပါဝင်ကစားခဲ့ပြီး ခြောက်ဂိုးသွင်းကာ သုံးကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။

၎င်းသည် တောင်ကိုရီးယား ကွင်းလယ်တိုက်စစ်ကစားသမား လီကန်အင်း၊ စပိန်ကစားသမား အဲလက်စ်ဂရီမယ်လိုနှင့် ဒိန်းမတ်ကွင်းလယ်ကစားသမား မော်တန်ဟူးလ်မန်းတို့ပြီးနောက် အက်သလက်တီကိုမက်ဒရစ်အသင်းခေါ်ယူသည့် စတုတ္ထမြောက် ကစားသမားဖြစ်လာခဲ့သည်။

နည်းပြ ဒီယေဂို ဆီမွန်နီ၏ အက်သလက်တီကိုမက်ဒရစ်အသင်းသည် လာလီဂါအဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၁၉ ရက်တွင် တန်းတက်မာလာဂါအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

## ပဲလေ့စ်က ယူနီယံဂျီလို့ဂ်ျက်စ်ကစားသမား အာနန်ခါလိုင်လီကို ခေါ်ယူ



ခရစ္စတယ်ပဲလေ့စ်အသင်းသည် အစ္စရေးကစားသမား အာနန်ခါလိုင်လီကို ပြောင်းရွှေ့ကြေး ပေါင် ၂၀ သန်းဖြင့် ၂၀၃၁ ခုနှစ်အထိ ခေါ်ယူစာချုပ်လိုက်ပြီ ဖြစ်သည်။

အသက် ၂၀ နှစ်အရွယ် အဆိုပါကစားသမားသည် ဗဟိုခံစစ်နှင့် တောင်ပံတိုက်စစ်တွင် ကစားနိုင်သူဖြစ်ပြီး ယူနီယံဂျီလို့ဂ်ျက်စ်အသင်းကို နှစ်ပေါင်း ၉၀ အတွင်း ပထမဆုံးအကြိမ် ဘယ်လ်ဂျီယံပရီလိဂ်ဖလား ဆွတ်ခူးရရှိအောင် ကူညီပေးထားနိုင်သည်။ ခါလိုင်လီသည် နည်းပြ ဝီယာဆော့ဂ်တာဝန်ယူကိုင်တွယ်နေသည့် ခရစ္စတယ်ပဲလေ့စ်အသင်း၏ ငါးဦးမြောက်ခေါ်ယူသည့် ကစားသမားဖြစ်လာခဲ့သည်။

■ မိုးဇက် - စုစည်းရေးသားသည်

# ဝဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

ရေဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ် ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့်ကျေးရွာအချို့အပြင် ဟသ်ံာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဆက်လက် ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



အဆိုပါရေဘေးသင့်ပြည်သူများအား အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရှာဖွေကူညီကယ်ဆယ်ရေး၊ စားနပ်ရိက္ခာ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ဝဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags (သဲအိတ်ကြီးများ)ချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile (သံမဏိတိုင်များ) ရိုက်သွင်းခြင်း စသည့်ဝဝန်ပန်းတာ တမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လျှပ်စစ်နှင့် အဆင့်မြင့်ဆိုလာတပ်ဆင်ခြင်းသင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၁၆**

